

13 March Day

မမေ့ကြေး

ကိုဖုန်းမော်နှ‌ေ့

တို့မမေ့

နှစ် (၂၀) ပြည့်
မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့

# မတ်လ ၁၃
# ဖုန်းမော် ကျဆုံး


သမဂ္ဂ စာစဉ်
အတွဲ (၃) အမှတ် (၁) မတ်လ ၂၀၀၈

# စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးဟာ ယနေ့ကာလ ကျောင်းသားလူငယ်ထု တရပ်လုံးရဲ့ အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်တယ်

၁၉၈၈ ခုနှစ်က ခုလို မတ်လမှာပဲ စက်မှုတက္ကသိုလ်ကျောင်းသားတွေ ဖြစ်ကြတဲ့ ကိုဖုန်းမော်၊ ကိုစိုးနိုင်တို့ဟာ ကျောင်းဝင်းအတွင်းမှာပဲ သွေးမြေကျ ကျဆုံးခဲ့ကြရတယ်။ ကိုဖုန်းမော်အရေးအခင်း။ တဆက်တစပ်တည်းဖြစ်တဲ့ တံတားနီ ကျောင်းသားလှုပ်ရှားမှုတွေဟာ မဆလ စစ်အာဏာရှင်စနစ်ကို တခဲနက် အံုကြွဆန့်ကျင်ခဲ့ကြတဲ့ ရှစ်လေးလုံး လူထုအရေးတော်ပုံကြီးရဲ့ ကနဦးအစ ကျောင်းသားတိုက်ပွဲတွေပဲဖြစ်တယ်။ ဒီတိုက်ပွဲတွေကို အာဏာရှင်တွေက ချိုးနှိမ်ဖို့ ထာဝစဥ် ကြိုးစားခဲ့ပေမယ့် ကျောင်းသားစိတ်ဓာတ်။ သမဂ္ဂစိတ်ဓာတ်တွေကို ဘယ်တော့မှ ချိုးနှိမ်ပစ်လို့ မရခဲ့ပါဘူး။ ဒါဟာ မျိုးဆက် အသီးသီး ကျောင်းသားတွေက လက်ဆင့်ကမ်း ထမ်းရွက်ခဲ့ကြတယ် ဆိုတာကို အာဏာရှင်အုပ်စိုးသူတွေကို ပြသလိုက်တာ ဖြစ်တယ်။

ဗမာပြည်ကျောင်းသားစိတ်ဓာတ်။ သမဂ္ဂစိတ်ဓာတ်တွေဟာ ဘာလဲလို့မေးရင် ကျောင်းသားအရေး တင်မက မိဘပြည်သူတွေရဲ့အရေး၊ တိုင်းပြည်ရဲ့အရေး၊ တမျိုးသားလုံးဆိုင်ရာ အရေးတွေမှာ ရှေ့တန်းက ထမ်းရွက်လေ့ရှိတယ်။ အုပ်စိုးသူ အာဏာရှင်တွေက ကျောင်းသားလူငယ်ထုအပေါ် မိဘပြည်သူတွေအပေါ် မတရားသဖြင့်ဖိနှိပ်လာရင် ရှေ့တန်းက ဆန့်ကျင်တွန်းလှန်တဲ့ စိတ်ဓာတ် အစဥ်အလာတွေပဲလို့ ဖြေရပါမယ်။

လတ်တလောကာလမှာ နအဖ စစ်အာဏာရှင်တွေဟာ ၁၉၉၀ ရလဒ်ဖြစ်တဲ့ ပြည်သူ့ဆန္ဒကို ပစ်ပယ်။ ဒီမိုကရေစီအင်အားစုတွေ၊ ကျောင်းသားအင်အားစုတွေ သာမက သံဃာတော်တွေကိုပါ မတရားသဖြင့် အကြမ်းဖက်ပစ်ခတ် ဖမ်းဆီးထားပြီး၊ သူတို့စိတ်ကြိုက် ထာဝရ စစ်အာဏာရှင်စနစ်နဲ့ အုပ်စိုးသွားလို့ရမယ့် ဖွဲ့စည်းပုံကြီးကို တဖက်သတ်ရေးဆွဲ။ ၁/၂၀၀၈၊ ၂/၂၀၀၈၊ ၃/၂၀၀၈ ဆိုတာတွေကို ထုတ်ပြန်ပြီး အတည်ပြုဖို့ ကြိုးစားနေပြီ ဖြစ်တယ်။ ဒီဖွဲ့စည်းပုံသာ အတည်ဖြစ်ခဲ့ရင် ကျောင်းသားလူငယ်ထုရဲ့အနာဂတ်အရေး၊ မိဘပြည်သူတွေရဲ့ အနာဂတ်အရေး၊ တိုင်းပြည်ရဲ့အနာဂတ်အရေးတွေကတော့ စစ်အာဏာရှင်စနစ်အောက်မှာ မတွေးဝံ့စရာဘဲ။ ဒီဖွဲ့စည်းပုံ အတည်မဖြစ်ရေးနဲ့ ပြတ်ပြတ်သားသားဆန့်ကျင်သွားရေးဟာ ကျောင်းသားလူငယ်ထုတရပ်လုံး မိဘပြည်သူတရပ်လုံးရဲ့ လတ်တလော အမျိုးသားရေးတာဝန် ဖြစ်တယ်။ မတတ်သာလို့ ခွင့်ပြုထားရတဲ့ လူထုဆန္ဒခံယူပွဲမှာ ပြတ်ပြတ်သားသား ကန့်ကွက်မဲထည့်ပြီး ဆန့်ကျင် ကန့်ကွက်သွားဖို့ လိုပြီ။ ပြည်သူတရပ်လုံး ကန့်ကွက်မဲထည့် ဆန့်ကျင်သွားကြဖို့ လှုံ့ဆော်စည်းရုံးသွားဖို့ လိုပြီ။

ကျောင်းသားလူငယ်ထု အနေနဲ့ လတ်တလောကာလမှာ ပခုန်းထက်က အမျိုးသားရေးတာဝန်ကို ဗမာပြည် ကျောင်းသားစိတ်ဓာတ်၊ သမဂ္ဂစိတ်ဓာတ် အစဉ်အလာတွေနဲ့အတူ ကျေပွန်စွာ ထမ်းရွက်ကြပါစို့ ။ ။

" မဲရုံသွား၊ ကန့်ကွက်မဲ ထည့်ကြ "

**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**
**နိုင်ငံခြားရေးရာကော်မတီ**

Tanslation and Editing: Myint Zaw Design: Kyaw Win (Mr. Balance)

Published by
All Burma Federation of Student Unions - Foreign Affairs Committee
The Union Publishing, P.O Box (102), Mae Ping Post Office, Chiang Mai (50301) Thailand
e-mail: bakatha@loxinfo.co.th

©2008 Union Publishing Vol. 3, No. 1, May 13 2008.

# မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ ဆိုတာ

မြင့်ဇော်



ကျောင်းသားများအား လူ့အဖွဲ့အစည်းတခု၊ ပညာတတ် အဝန်းအဝိုင်းတခုအဖြစ် လူ့အသိုင်းအဝိုင်းမှ မှတ်ယူလေ့ရှိပြီး၊ ကျောင်းသားများရဲ့ လိုလားခံစားချက်များသည် ပြည်သူလူထု လိုလားချက်များကို ကိုယ်စားပြုစေသည်ဟု ယူဆလေ့ရှိသည်။ တချိန်ထဲမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျောင်းသားများအား၊ သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ခေတ်မှီရေး လူမှုတော်လှန်ရေးများဆီသို့ မောင်းနှင်သော အင်အားစုအဖြစ် ရှုမြင်ခံရလေ့ရှိသည်။

ပညာရှင်တချို့က ဖွံ့ဖြိုးဆဲနိုင်ငံများမှ တက္ကသိုလ်ကျောင်းသားများ သာမက၊ အထက်တန်းကျောင်းသားများသည်ပင် နိုင်ငံတော်များ ခေတ်မီရေး၊ လူမှုစီးပွားတိုးတက်ရေးနှင့် နိုင်ငံရေးအရ နိုးကြားတက်ကြွသော အုပ်စုတခုဖြစ်သည်ဟု ရှုမြင်သည်။ သူတို့၏ အမျိုးသားရေးတာဝန်များအတွက် အမြဲတမ်းထက်သန်နေပြီး ဘယ်သောအခါမှ စွန့်လွှတ်ရိုး ထုံးစံမရှိကြဟု မှတ်ချက်ပြုကြသည်။ မြန်မာကျောင်းသားများသည် လွတ်လပ်ရေးလှုပ်ရှားမှုများတွင် အရေးပါသော အခန်းကဏ္ဍများမှပါဝင်ခဲ့ပြီး၊ မြန်မာ့မျိုးချစ်နိုင်ငံရေးသမားများသည်လည်း ရန်ကုန်တက္ကသိုလ်မှ စတင်ပေါက်ဖွားခဲ့ကြသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံရေးသမိုင်းတွင် ကျောင်းသားများသည် ရာဇဝင်အရ၊ နိုင်ငံရေးအရ နိုးကြားမှုရှိပြီး လူထု၏ ရိုသေကိုးစားမှုကို ခံရသည်။ အစဉ်အလာအားဖြင့် ကျောင်းသားတဦးအား အာဏာပိုင်များမှ မတရားနှိပ်စက်သတ်ဖြတ်ခံရပါက ထိုဖြစ်ရပ်များသည် လူမှုတော်လှန်ရေးလှုပ်ရှားမှုများဆီသို့ အများအားဖြင့် အသွင်ပြောင်းသွားတတ်သည်။ ၁၉၈၈ မတ်လ (၁၃) ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ် ပဥ္စမနှစ် ဓာတုအင်ဂျင်နီယာကျောင်းသား ကိုဖုန်းမော်သည် လုံထိန်းများ၏ လက်ချက်ဖြင့် သေနတ်ဒဏ်ရာဖြင့် ပွဲခြင်းပြီး သေဆုံးခဲ့သည်။ ၎င်းဖြစ်ရပ်က သမိုင်းဝင် ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီးဖြစ်ပေါ်စေသော အကြောင်းရာများမှ အဓိကကျသော အကြောင်းအချက် တစ်ခုပင်ဖြစ်သည်။

၁၉၈၈ ဒီမိုကရေစီလှုပ်ရှားမှုကြီးအတွင်း နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများ နိုင်ငံရေးခေါင်းဆောင်များသည် ကိုဖုန်းမော် ကျဆုံးခဲ့ရမှုအား အမှတ်တရရှိကြပြီး ထိုနေ့အား မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ရန် ပြောဆိုလာခဲ့ကြသည်။ ကိုဖုန်းမော်နှင့် တက္ကသိုလ်တွင် ရင်းနှီးခဲ့သော သူငယ်ချင်းတဦးဖြစ်သူ ကိုအောင်မျိုးမင်း (အခုအခါတွင် လူ့အခွင့်အရေးပညာပေးဌာန – မြန်မာနိုင်ငံ မှ ဒါရိုက်တာ အဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူ) က ကိုဖုန်းမော် သေဆုံးသောနေ့အား မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်သည်ကို သူအနေဖြင့် အလေးအနက် ထောက်ခံကြောင်း အဘယ်ကြောင့်ဆိုသော် ကိုဖုန်းမော် မသေဆုံးမီအထိ မြန်မာလူထုသည် မဆလ တပါတီအာဏာရှင်စနစ် လက်အောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ခံနေရသော်လည်း ဖိနှိပ်မှုများနှင့် ယဉ်ပါးနေသားကျနေကာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများအား သတိမမူမိကြောင်း၊ သို့သော် ကိုဖုန်းမော် အသတ်ခံရသောအခါတွင်မှ လူထုအတွင်း တော– ်တော် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပြီး မဆလ စစ်အာဏာရှင်၏ ရက်စက်ကြမ်းကြုတ်မှုများအား ပြတ်

ပြတ်ထင်ထင် ရှိလာစေခဲ့ပြီး၊ ဒီမိုကရေစီ လူ့အခွင့်အရေး တန်ဖိုးများအား သဘောပေါက်လာကာ ဒီမိုကရေစီ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကျောင်းသားများနှင့် လက်တွဲကာ လမ်းပေါ်ထွက်လာခဲ့ကြပြီး သမိုင်းဝင် ရှစ်လေးလုံး အရေးတော်ပုံကြီးအား ဖြစ်ပွားစေခဲ့ကြောင်း။ သို့ဖြ–စ် ၍ ကိုဖုန်းမော် ကျဆုံးသောနေ့အား မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်သည်မှာ လျော်ကန်သင့်မြတ်ကြောင်း ပြောဆိုသည်။ သူကဆက်လက်ပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ ဆိုသည်မှာ ကိုဖုန်းမော် တယောက်ထဲအား ရည်စူးပြီး သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံ နိုင်ငံရေးတလျှောက် အသက်အသေခံ၊ ထောင်တွင်းနှစ်ရှည်လများ အကျဉ်းကျခံပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်သူများ အားလုံးကို ဂုဏ်ပြုရာရောက်ကြောင်း ပြောဆိုခဲ့သည်။

ပထမဆုံးသော မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အား ရန်ကုန်စက်မှု တက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကိုဖုန်းမော်ကျဆုံးခြင်း တစ်နှစ်တင်းတင်း ပြည့်သည့်နေ့ ၁၉၈၉ ခုနှစ် မတ်လ (၁၃) ရက်နေ့တွင် ကျင်းပခဲ့သည်။ ထိုအခမ်းနားသို့ နိုင်ငံရေးခေါင်းဆောင်များဖြစ်သော ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ပြည်သူ့တိုးတက်ရေးပါတီမှ ဦးခင်မောင်မြင့်၊ ဦးသာဘန်း၊ ဦးသုဝေ၊ ဒေါ်ချိုချိုကျော်ငြိမ်းနှင့် ကျောင်းသား ခေါင်းဆောင်များ ဖြစ်သော ကိုမင်းကိုနိုင်၊ ကိုမိုးသီးဇွန်၊ ကိုကိုကြီး၊ ကိုအောင်ဒင် အစရှိသူတို့ တက်ရောက်ခဲ့သည်။ ကိုဖုန်းမော်နေ့ အောက်မေ့ဖွယ်အခမ်းအနား ပြင်ဆင်ရေး ဦးဆောင်ကော်မတီဝင်တဦးဖြစ်ခဲ့သူ ကိုတိတ်နိုင် (ယခုအခါ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေး အသင်း – မြန်မာနိုင်ငံ) က ၎င်းကော်မတီတွင် ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုအောင်ပွင့် (စက်မှု)၊ ကိုစောဝင်းရှိန် (စက်မှု) တို့ အပါအဝင် အခြားနိုင်ငံရေး တက်ကြွသူများဖြင့် ဖွဲ့စည်းဆောင်ရွက်ပြီး ကော်မတီဝင် စုစုပေါင်း (၁၃) ဦးရှိကြောင်း ပြန်လည် စဉ်းစားပြောဆိုခဲ့သည်။ သို့သော် ထိုနေ့အား မည်သူက လူ့အခွင့်အရေးနေ့ အဖြစ် သတ်မှတ်သင့်ကြောင်း အဆိုပြုခဲ့ကြောင်း မသိခဲ့ကြောင်း သို့သော် လူအများက ဒေါ်အောင်ဆန်းစုကြည်၏ စိတ်ကူးဖြစ်ကြောင်းပြောဆိုကြသလို အချို့ကလည်း ဦးနုက ကိုဖုန်းမော်ကျဆုံးသော နေ့အား မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ အဖြစ် သတ်မှတ်ရန် ဦးဆောင်ခဲ့ကြောင်း ပြောဆိုကြောင်း ပြန်လည်ပြောဆိုခဲ့သည်။ သို့သော်လည်း ထိုနေ့က မည်သည့်နိုင်ငံရေးသမားနှင့် ကျောင်းသားများမှ မြန်မာနိုင်ငံလူ့အခွင့်ရေးနေ့အဖြစ် ထိုနေ့ အခမ်းအနားတွင် သုံးနှုန်း ပြောဆိုမှုမရှိခဲ့ပေ။

သို့ဖြစ်၍ ထိုနေ့ အား မြန်မာနိုင်ငံ၏
ပထမဆုံး လူ့အခွင့်ရေးနေ့ အခမ်းအနားဟု
ပြောဆိုနိုင်သည်ဟု ပြောဆိုခဲ့သည်။

သို့သော် မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ ဟူသော ပိုစတာများကို အခမ်းအနား ကျင်းပရာ စက်မှုတက္ကသိုလ်ဝင်းအတွင်း နေရာအနှံ့အပြား ရေးသားချိတ်ဆွဲထားသည်ကို တွေ့ခဲ့ရကြောင်း ပြောသည်။ သို့ဖြစ်၍ ထိုနေ့အား မြန်မာနိုင်ငံ၏ ပထမဆုံး လူ့အခွင့်ရေးနေ့ အခမ်းအနားဟု ပြောဆိုနိုင်သည်ဟု ပြောဆိုခဲ့သည်။

ကိုတိတ်နိုင်က မြန်မာနိုင်ငံ၏ ပထမဆုံးသော လူ့အခွင့်အရေးနေ့ မြင်ကွင်းအကြောင်း ပြန်လည်ပြောဆိုရာမှာ ကျောင်းသားများ အခမ်းအနားပြင်ဆင်ရာသို့ အလာတွင် သမိုင်းလမ်းဆုံအရောက် တားဆီးခံရကြောင်း၊နောက်အတန်ကြာမှပြင်ဆင်ရေးကော်မတီကိုပြန်လွှတ်ပေးလိုက်ကြောင်း၊အခမ်းအနားကျင်းပရာ စက်မှုတက္ကသိုလ်ဝင်းအား စစ်ကားများဖြင့် လှည့်ပတ်နေပြီး အခမ်းအနားသို့ လာရောက်သူများအား ခြိမ်းခြောက် နေကြောင်း သို့သော် ကျောင်းဝင်းအတွင်း လူအများ တစနှင့်တစများလာပြီး ကျောင်းရှေ့ကွင်းကြီး ပြည့်သွားကြောင်း ပြောဆိုခဲ့သည်။ အခမ်းအနား တက်ရောက်လာသူ အားလုံးက ကိုဖုန်းမော်

ကျဆုံးခဲ့သော ၁၉၈၈ မတ်လ (၁၃) ရက်နေ့သည် ရှစ်လေးလုံးအရေးတော်ပုံကြီးအတွက် အရေးပါသော နေ့တနေ့ဖြစ်ကြောင်း တညီတညွတ်ထဲ ပြောဆိုခဲ့ကြပြီး၊ ထိုမတ်လ (၁၃) ရက်နေ့ မတိုင်မီ ၁၉၈၇ ခုနှစ် အတွင်း ငွေစက္ကူများအား မဆလအစိုးရမှ တရားမဝင်ကြေငြာ သဖြင့် ကျောင်းသားများအတွင်း မကျေနပ်မှုများ ဖြစ်ပွားနေခဲ့သော်လည်း ကိုဖုန်းမော်သာ အသတ်မခံရပါက ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်လာရန် ခက်ခဲနိုင်ကြောင်း ပြောဆိုခဲ့သည်။ ကိုတိတ်က ဆက်လက်၍ ပထမဆုံးနှင့် နောက်ဆုံးအနေဖြင့် တရားဝင်သဘောဖြင့် ကျင်းပခဲ့ရသော မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့အား ကျောင်းသားများ အနေဖြင့် ဒုတိယအကြိမ် ကျင်းပရန်ကြိုးစာခဲ့ပြီး (၁၃) ဦးကော်မတီကို ၁၉၉၀ တွင် ထပ်မံဖွဲ့စည်းခဲ့ကြောင်း ထိုကော်မတီတွင် မောင်မောင်ကျော်၊ တိုးကျော်လှိုင်၊ ကိုမြအေး၊ ကျော်ကျော်စိုး အစရှိသော ကျောင်းသားများ ပါဝင်ကြောင်း သို့သော် အခမ်းအနား မကျင်းပမီ တရက်အလိုတွင် ကျောင်းသားအများစု အဖမ်းခံရပြီး ထောင်သုံးနှစ်စီ ချမှတ်ခဲ့ရကြောင်း ပြောဆိုခဲ့သည်။

ထိုအချိန်မှစ၍ မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အား မြန်မာနိုင်ငံတွင် တရားဝင် ကျင်းပခွင့်မရှိတော့ပါ သို့သော်လည်း မတ်လ (၁၃) ရက်နေ့ ရောက်တိုင်း ကိုဖုန်းမော်နေ့အား အမှတ်တရသောအားဖြင့်လည်း ကောင်း၊ ကျောင်းသားများ သွေးစွန်းသောနေ့ကို ဝမ်းနည်းသောအနေဖြင့် အဝတ်အမဲစလေးများအား အင်္ကျီတွင် ဝတ်ဆင်လေ့ရှိပြီး ကျောင်းသားအာဇာနည် ကိုဖုန်းမော်အား မမေ့ရန်၊ ဒီမိုကရေစီ လူ့အခွင့်အရေး ငြိမ်းချမ်းရေးတို့အတွက် တိုက်ပွဲဝင်ကြရန် သတိပေးလေ့ရှိသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေလေ့ရှိသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့သည် ကိုဖုန်းမော်တယောက်ထဲအား အမှတ်တရထား၍ ကျင်းပခြင်းမျိုး မဖြစ် သင့်ဘဲ မြန်မာနိုင်ငံတဝှန်း လတ်တလောဖြစ်ပေါ်နေသော လူအခွင့်အရေး ချိုးဖောက် ခံနေရမှုများအား အတွက် အသိရှိသင့်ပြီး လူအခွင့်အရေးအတွက် တိုက်ပွဲဝင်ကြရန်နှင့် နိုင်ငံတကာ လူအခွင့်အရေးစာတမ်းပါ အချက်များအရ နိုင်ငံသားတိုင်း လိင်၊ အသားအရောင်၊ လူမျိုး၊ ဘာသာ မတူကွဲပြားမှုများ အပေါ်အခြေမခံဘဲ လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံခံရနိုင်ရေးအတွက် ကျွန်ုပ်တို့ ပြည်သူများအနေဖြင့် ကြိုးစားသင့်ပါသည်။



**စာမျက်နှာ (၄) ဓာတ်ပုံ-** ကိုဖုန်းမော် ဓာတ်ပုံအား ၁၉၈၉ ပထမနှစ်ပတ်လည် အခမ်းအနားတွင် ချိတ်ဆွဲထားပုံ
**ဝဲဖက်-** တက်ရောက်လာသော လူများ ပင်မ အဆောက်အအုံ အောက်တွင် တွေ့ရပုံ (ဗီဒီယိုမှတ်တမ်းမှ ရရှိသည်။)

ရုပ်ပုံလွှာ

# ကိုဘုန်းမော်ကို ခြေရာခံခြင်း

## ကိုအောင်မျိုးမင်းနှင့် အင်တာဗျူး



ရန်ကုန်စက်မှုတက္ကသိုလ် ပဥ္စမနှစ် ဓာတုအင်ဂျင်နီယာ ကျောင်းသား ကိုဖုန်းမော်ဟာ ၁၉၈၈ မတ်လ (၁၃) ရက်နေ့မှာ စစ်တပ်ရဲ့ပစ်ခတ်မှုကြောင့် ကျဆုံးခဲ့ပါတယ်။ ကိုဖုန်းမော်ကျဆုံးခြင်းဟာ ၈၈ ဒီမိုကရေစီလှုပ်ရှားမှု အရေးတော်ပုံကြီး ဖြစ်ပွားခြင်း အကြောင်းအရင်းများထဲက အရေးကြီးသော အကြောင်းအချက်တခု ဖြစ်ပါတယ်။ ကိုဖုန်းမော်ကျဆုံးတဲ့နေ့ကို မြန်မာအတိုက်အခံများက မြန်မာ့လူ့အခွင့်အရေးနေ့ အဖြစ် ၁၉၈၉ ခုနှစ်မှ စပြီး စတင်သတ်မှတ်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပရှိ ကျောင်းသားလူငယ်များ အတိုက်အခံများက အခမ်းအနားများကို ကျင်းပလေ့ရှိသည်။

ကိုဖုန်းမော်ရဲ့ ကျောင်းနေဘက်တဦးဖြစ်သူ ကိုအောင်မျိုးမင်းက ကိုဖုန်းမော်အကြောင်းကို အခုလို ပြန်လည် ပြောပြထားပါတယ်။

ကိုဖုန်းမော်ကတော့ ရှမ်းလူမျိုးစပ်တယ်။ သူ့က သူ့ရဲ့အမျိုးတွေက ရှမ်းပြည်က လာတယ်။ ရန်ကုန်မှာ ကျောင်းတက်တယ်။ သူက လှိုင်မှာနေတယ်။ သူက မိသားစုကတော့ အမေပဲ ရှိတော့တယ်။ အဖေမရှိဘူး။ သူကနေတာ အမကြီးတွေနဲ့ နေတာ။ အမကြီးတွေက သူက အငယ်ဆုံးဆိုတော့ အမကြီးတွေရဲ့ ထုံးစံအတိုင်းပဲ သူ့ဆိုလို့ရှိရင် စိတ်မချဘူး။ ဒါပေမယ့် သူက အဲလိုစိတ်မချလို့ တစ်ခါတစ်လေဆို အမတွေ နဲ့ အဆာ–င်မပြေတာ ရှိတယ်။ သူက သူငယ်ချင်းတွေနဲ့ လူငယ်ဘာဝ လွတ်လွတ်လပ်လပ် နေချင်တယ်။ ညဘက်မှာ စခန်းထဲမှာနေရတာကို သူကြိုက်တယ်။ အမကြီးတွေက သူ့ကိုကလေးလိုဘဲထားပြီး ညအိပ် ညတာသွားတာ မကြိုက်တာတို့ ဥပမာ တာဝန်အရ ဒီကျွန်တော်တို့ တာဝန်ကျလို့ တခြားနေရာ သွားတာ ကို မကြိုက်တာတို့ အဲဒါတွေ ပိတ်ပင်တာတို့ သူနည်းနည်းခံရလို့ သူအရမ်း စိတ်ဆိုးပြီး “ငါ့အမတွေ က ငါ့ကို မိန်းကလေးလိုပဲ ထိန်းတယ်” ဆိုပြီးတော့ သူအမြဲတမ်း ပြောတယ်။ သူက ဒေး (နေ့) ကျောင်းသားပဲပေါ့။ ဒါပေမယ့် သူက အဆောင်နေတဲ့ ကျောင်းသားတွေနဲ့ ပိုပြီး တွဲဖြစ်တာများတယ်။ သူ့ပုံစံကတော့ အသားဖြူဖြူ၊ အရပ်ကတော့ သာမန်လောက်ပဲပေါ့။ မျက်ခုံးကောင်းကောင်း၊ ရှမ်း နှုတ်ခမ်းရဲရဲ။ သူပုံစံကတော့ အမြဲတမ်း ဖော်ရွေတယ်။ အုပ်စုနဲ့ အသင်းနဲ့ လုပ်တာကို စိတ်ဝင်စားတယ်။ အရမ်း စိတ်ကောင်းတယ်။ သူ့ကို သူငယ်ချင်းတွေက ဖုန်းဖုန်း ဖုန်းဖုန်းလို့ ခေါ်တယ်။

ကိုဖုန်းမော်ဟာ လမ်းစဉ်လူငယ်အဖွဲ့ဝင် တဦးဖြစ်သလို ကြက်ခြေနီအဖွဲ့ဝင် တဦးလည်း ဖြစ်ပါတယ်။ ကိုအောင်မျိုးမင်းက ကိုဖုန်းမော်ရဲ့ ပရဟိတစိတ်ဓါတ်နဲ့ ပတ်သက်ပြီး အခုလို သတိတရ ပြန်လည် ပြောဆိုခဲ့ပါတယ်။

အဓိကကတော့ ပရဟိတစိတ်ဓာတ် အရမ်းကောင်းတယ်။ ပရဟိတစိတ်ဓာတ်နဲ့ လူမှုရေးအသင်းအဖွဲ့ လုပ်တာ အရမ်းဝါသနာပါတယ်။ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်၊ လှိုင်နယ်မြေ ကြက်ခြေနီမှာ လုပ်တုန်းက ဆိုလို့ရှိရင် သူက ကျွန်တော်တို့ထက် တစ်နှစ်ကြီးတယ်။ သူက ရီဂျင်နယ် (ဒေသကောလိပ်) ကနေ နှစ်နှစ်တက်ပြီးတော့ အာအိုင်တီ (စက်မှုတက္ကသိုလ်) ကို ဝင်သွားတယ်။ ဒါပေမယ့် အာအိုင်တီမှာက ကြက်ခြေနီ မရှိတဲ့ အတွက် အာစီတူး (RC2) မှာရှိတဲ့ လှိုင်နယ်မြေမှာဆို သူအမြဲတမ်း လာလာပြီးတော့ ကျနော် တို့

ဂျူနီယာ (အတန်းငယ်) သမားတွေကို သူလိုက်ပြီးတော့ ကွန်မန်းပေး (Command) စစ်ရေးပြသင်တာတို့၊ ကြက်ခြေနီသင်တာတို့ သူအရမ်းကို ကောင်းတယ်။ နောက်တစ်ခုက သူ့ကိုလူတိုင်းလေးစားတာက သူ့ရဲ့ ရင်းနှီးဖော်ရွေမှုပဲ။ အမှန်ဆိုလို့ရှိရင် သူကကျနော်တို့ထက် နှစ်ကြီးတယ်။ ဒါပေမယ့် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ ကြက်ခြေနီအသင်းကို သံယောဇဉ် မပြတ်ဘူး။ နောက် လိုသမျှ အကူအညီကို သူအမြဲတမ်း ပေးတယ်။ တစ်ခုခု အကူအညီ လိုလို့ရှိရင် သူကူညီမှု ရှိတယ်။ နောက်တစ်ခါ အရမ်းနှိမ့်ချစိတ်ရှိတယ်ဗျ။ နှိမ့်ချစိတ်ရှိတယ် ဆိုတာက အာအိုင်တီ ကျောင်းသား ဆိုပြီးတော့ ဝါကြီးတယ် ဆိုပြီးတော့ တခြားသူတွေလို မောက်မာတာ မရှိဘူး။ အဲဒီအငယ်တွေနဲ့ တည့်အောင် ပေါင်းတယ်။ လိုအပ်တဲ့ အကူအညီတွေကို အမြဲတမ်း သူပေးတယ်။

ကိုအောင်မျိုးမင်းက ကိုဖုန်းမော်နဲ့ ပတ်သက်လို့ ထူးထူးခြားခြား မှတ်မိတာများကို အခုလို ပြောဆိုခဲ့ပါတယ်။

ကျနော်နဲ့ သူနဲ့က တော်တော် ရင်းနှီးတယ်။ ရင်းနှီးတယ်ဆိုတာက ဒီကြက်ခြေနီအသင်းက လူလည်း သိပ်မရှိဘူးနော်။ နောက် ကျနော်တို့က မေလ (၈) ရက်နေ့ ကမ္ဘာ့ကြက်ခြေနီနေ့ စခန်းသွင်းတဲ့အခါမှာ ကျောင်းမှာနေ ကျောင်းမှာအိပ်ဆိုတော့ သူနဲ့ ကျွန်တော်နဲ့က တခန်းထဲမှာနေ အဲလိုမျိုးဆိုတော့ ကုတင်ချင်းလည်း ကပ်ပြီး ညဘက်ညဘက် စကားပြောဖြစ်တာ ရှိတယ်။ သူက တစ်ခုက အပျော်အပါးကို ကြိုက်တယ်။ ခုနပြောသလို လူငယ်ဘာဝ ပျော်တာကြိုက်တယ်။ ဂီတာတီးတာ ကြိုက်တယ်။ တစ်ချိန်ထဲမှာပဲ သူက စည်းကမ်းနဲ့ ဂုဏ်သိက္ခာကို သူအရမ်း တန်းဖိုးထားတယ်။ ဥပမာ ကျနော်တို့ စခန်းသွင်းလို့ ယူနီဖောင်းဝတ်တဲ့ အချိန်မှာ ဆိုလို့ရှိရင် ကျနော်တို့ ယူနီဖောင်း သိက္ခာကျမယ့် အဖြစ်မျိုးကို ဘယ်တော့မှ မလုပ်ရဘူး။ တခြားသူတွေ အထင်သေးမယ့် ပုံစံမျိုး အထူးသဖြင့် ယူနီဖောင်းဝတ်ထားတဲ့ အချိန်မျိုးမှာ ထိန်းသိမ်းရမယ်။ ဥပမာ တစ်ခါတလေ ကျနော်တို့က အခန်းခေါင်မိုးတို့ အဆောင်ခေါင်မိုးတို့ သစ်ပင်ပေါ် တက်တာမျိုးတို့ အဲဒါမျိုးဆို သူအမြဲတမ်း ပြောတယ်။ မင်း တခြားအချိန်မှာ လုပ်ချင်လုပ်။ လူငယ်သဘာဝ ကောင်းတယ်။ ဒါပေမယ့် ကြက်ခြေနီ ယူနီဖောင်းနဲ့ ဝတ်ထားတာမျိုး ဆိုလို့ရှိရင် မင်းကို ကြက်ခြေနီ တစ်ယောက်လို့ မြင်မယ်။ အဲလိုလုပ်လိုက်ခြင်း အားဖြင့် မင်းတစ်ယောက်တင်မကဘူး ကြက်ခြေနီအသင်း အဖွဲ့ရဲ့တန်ဖိုးကို လျှော့သွားနိုင်တယ်။ ကလေးဆန်ဆန် မနေနဲ့။ ယူနီဖောင်းကြီးနဲ့ဆို တည်တည်သန့်သန့် နေ။ ဒါမှ မင်းကို သူများလေးစားပြီး ကြက်ခြေနီဆိုတဲ့ အဖွဲ့ကြီးကိုလည်း သူများတွေ လေးစားမယ်ဆိုပြီး သူ အဲလို သူပြောတဲ့ ဆုံးမချက်တစ်ခုဟာ ကျနော့်အတွက် ခုချိန်ထိ အမှတ်တရ တစ်ခုပဲ။

နောက်တစ်ခါ သူက စမတ် (Smart) ဖြစ်တယ်ဗျ။ စမတ်ဖြစ်တယ်ဆိုက ကျွန်တော်တို့ ကြက်ခြေနီမှာ ဆိုလို့ရှိရင် နှစ်တိုင်နှစ်တိုင်း စံပြကြက်ခြေနီဆု ပေးတာရှိတယ်။ သူ့နှစ်တုန်းက သူစံပြကြက်ခြေနီ နောက်ဆုံး ဖိုင်နယ်လ်ထိ သူဝင်တယ်။ တခြားနေရာမှာ အမှတ်နည်းနည်း နည်းတော့ အမျိုးသမီးတစ်ယောက်က ရသွားတယ်။

အဲဒီအချိန်မှာတော့ ကျွန်တော်တို့ အားလုံးက ကြက်ခြေနီ။ ကြက်ခြေနီ ဆိုလို့ရှိရင်လည်း အားလုံးက လမ်းစဉ်လူငယ် မဖြစ်မနေဝင်ရမယ်။ အထူးသဖြင့် စံပြကြက်ခြေနီ ဖြစ်ဖို့အတွက်က လမ်းစဉ်လူငယ် ကိုယ်ပိုင်နံပတ် ရရမယ်ဆိုတော့ ကျနော်တို့ အားလုံးက တစ်ပါတီ နိုင်ငံရေးအောက်မှာပဲ ကျင်လည်နေကြတယ်။ ကျင်လည်နေတယ်ဆိုတာက ဒါကို ကျွန်တော်တို့က ယုံကြည်နေတယ်လို့တော့ မဟုတ်ဘူး။ ဒါပေမယ့် ကျနော်တို့ ဝါသနာပါတဲ့ အသင်းအဖွဲ့လုပ်တာ ကြက်ခြေနီပဲရှိတယ်။ ကြက်ခြေနီအဖွဲ့က လမ်းစဉ်လူငယ်ရဲ့ ဦးဆောင်မှုအောက်မှာ ရှိရမယ်ဆိုတော့ ပါတီဝင်ကြတာပေ့ါ။ နိုင်ငံရေးအရ ကျနော်တို့ အဲဒီအချိန်မှာ သူရော ကျနော်ရော သိပ်ပြီးတော့ နိုင်ငံရေးကို စိတ်ဝင်စားတာတို့၊ နိုင်ငံရေးအခြေအနေ သုံးသပ်တာတို့ မရှိဘူး။

တစ်ခါတစ်လေကျ ကျနော်တို့ ဘယ်နေရာ ကြက်ခြေနီတွေက ရပ်ကွက်တွေထဲမှာ ဆင်းရတယ်လေ။ အဲဒီတုန်းက လုပ်ငန်းအရ ဆိုလို့ရှိရင်  မီးဘေးဖြစ်တဲ့နေရာ သွားရတာတို့၊ ရပ်ကွက်တွေမှာ ဆင်းပြီးတော့ လူထုကျန်းမာရေးကိစ္စ လုပ်တာတို့၊ အဲလိုမျိုး နေရာမှာဆို ကျနော်တို့တော့ ပျော်တယ်။ တစ်ခါတစ်လေ ကြတော့ လောကကြီးက မညီမျှဘူးပေါ့။ ကျနော်တို့ လှိုင်တက္ကသိုလ် ဆိုတာက တကယ် ဒီဘက်က ပါရမီတို့၊ ဝင်ဒါမီယာတို့၊ အင်းလျားလမ်းတို့ အင်းလျားမြိုင်တို့ အဲဒီလူတွေပဲ ကျောင်းတက်တယ်။ နောက်ပြီးတော့ အဲဒီမှာရှိတဲ့ အဲဒီကလာတဲ့ ကျောင်းသားတွေက နောက်ဆုံးပေါ်တွေ ဝတ်၊ နောက်ဆုံးပေါ် ကားတွေစီးပြီးတော့ ဖက်ရှင်တွေပြိုင်နေကြတဲ့ချိန်မှာ ဒီဘက်ခြမ်းမှာရှိနေတဲ့ လှိုင်တို့ ကမာရွတ်တို့မှာ ရှိနေတဲ့ လူတွေက အစားအသောက် တော်တော်ဒုက္ခရောက်တဲ့ အိမ်တွေ တော်တော်ဒုက္ခရောက်တယ်။ မီးလောင်လို့ ရှိရင်လည်း တစ်ခါတည်း ဘာမှလျော်ကြေးမရလို့ သူတို့ဘဝ ဒုက္ခရောက်တယ်။ အဲလိုမျိုး လူမှုရေးနှင့် မညီမျှမှုကို ကျနော်တို့ ခဏခဏ တော်တော် ပြောဖြစ်တယ်။ ဒါပေမယ့် နိုင်ငံရေးအရတော့ အယူအဆ တစ်ခုအနေနဲ့ လက်ခံပြီး ပြောတာတော့ သိပ်မရှိခဲ့ဘူး။

ကိုဖုန်းမော်ကျဆုံးမှုနှင့် ပတ်သက်ပြီး သူဘဝကို ဘယ်လိုပြောင်းလဲ စေခဲ့ကြောင်းနှင့် သူစိတ်ခံစားချက်ကို အခုလို ပြန်လည် ပြောပြခဲ့ပါတယ်။

ကျနော်တို့ အဲဒီမှာ သူသေသွားတယ်ဆိုတဲ့ အကြောင်းကြားတော့ ဖုန်းမော်ဆိုတဲ့ နာမည်ကလည်း သိပ်ပြီးတော့ မရှိဘူးလေ။ ကြားကြားခြင်း ကျနော်တို့ကြက်ခြေနီက လူတော်တော်များများ ရှော့ခ် (အံ့သြတုန်လှုပ်) ဖြစ်တာ။ ကျနော်ကိုယ်တိုင် ပြောမယ် ဆိုလို့ရှိရင် ကျနော် နိုင်ငံရေးကို သိပ်ပြီးတော့ နားမလည်သေး (Awareness) မဖြစ်သေးဘူး။ သူသေပြီးတော့ မတ်လ (၁၆) တံတားဖြူအရေးအခင်း ဖြစ်တာတို့၊ မတ် (၁၃) ရက်နေ့ နောက်ပိုင်း ဒီရန်ကုန်တက္ကသိုလ်ဝင်း အတွင်းမှာ ဆန္ဒပြတာတို့မှာ ကျနော်ပါလာခဲ့တယ်။ အမှန်တော့ သူနဲ့ရင်းနှီးတဲ့ ပုဂ္ဂိုလ်ရေးရင်းနှီးမှုကနေ ကျနော်တို့ကို နိုင်ငံရေးထဲ ဆွဲသွင်းတာပဲ။ ကိုယ့်သူငယ်ချင်း ဒီလောက် ခင်ဖို့ကောင်းတဲ့သူ ဒီလောက် စိတ်ရင်းကောင်းတဲ့သူ တစ်ယောက် သေတယ်။ အဲဒီ ပုဂ္ဂိုလ်ရေး (Personal) ရင်းနှီးမှုကနေ ကျနော့်ကို ဒီနိုင်ငံရေးထဲကို ခုနက လှုပ်ရှားမှုတွေထဲ ရောက်အောင် လုပ်လိုက်တယ်။ ဒါပေမယ့် နောက်ပိုင်းကျရင်တော့ တစ်ယောက်ချင်းကြောင့် မဟုတ်တော့ဘဲ ပိုပိုပြီး အမြင်ကျယ်တဲ့ လူ့အခွင့်အရေး မတရားမှုဆိုတဲ့ အချက်တော့ ဖြစ်သွားတာပေါ့။

ဒါပေမယ့် ပြောရမယ် ဆိုလို့ရှိရင် စစချင်း ဒီလှုပ်ရှားမှုမှာ ပါဝင်တာ ကိုဖုန်းမော်နဲ့ ရင်းနှီးတဲ့ ပုဂ္ဂိုလ်ရေး (Personal) ရင်းနှီးမှုကြောင့် ဝင်လာတာ။ ဒါကျနော် ပွင့်ပွင့်လင်းလင်း ဝန်ခံတဲ့ အချက်ပဲ။

# ကိုစိုးနိုင်ဆိုတာ

## ကိုမင်းဇော်နှင့် အင်တာဗျူး

ကိုစိုးနိုင်က ပုသိမ်သား ဗမာလူမျိုးပါ။ သူက ပုသိမ် အ.ထ.က က ဆယ်တန်းအောင်တယ်။ အဖေနာမည် ဦးကျော်ရီ .. ဧရာဝတီတိုင်း ပြည်သူ့ကောင်စီ အချိန်ပိုင်း အဖွဲ့ဝင် တယောက်ပါ။ ၁၉၈၈ မှ စက်မှုတက္ကသိုလ်မှာ ပဥ္စမနှစ်။ သတ္တုတူးဖော်ရေး အင်ဂျင်နီယာဘာသာရပ် သင်ကြားနေပါတယ်။

သူပုံစံက အသားဖြူဖြူ။ ဆံပင်နည်းနည်းကောက်တယ်။ အရပ်ခပ်ပြတ်ပြတ်။ မျက်နှာလုံးရှည်ရှည်။ ကျနော်သိရလောက် ဘာနိုင်ငံရေး လူမှုရေးမှ မလုပ်ဘူးဗျ။ ပုသိမ်အသင်း ကျောင်းသားပျော်ပွဲစား (Picnic) ထွက်ရင်တောင် မလိုက်ဘူးဗျ။ ခပ်အေးအေးလူတယောက်ပါ။

မတ်လ ၁၃ ရက်က သူကိုဘယ်လိုပစ်ခံရတယ်ဆိုကျနော်မသိဘူး ပြီးမှသိတာဗျ။ ကိုစိုးနိုင်က ရန်ကုန်ဆေးရုံကြီးမှာ မေလ ၅ ရက်နေ့မှာမှ ဆုံးတာ။ သေနတ်ဒဏ်ရာက အူမကြီးကို ထိသွားတော့ ဆေးရုံမှာ ၄ခါ ဖြတ်ရတယ်။ ကိုဘုန်းမော်ကတော့ ပွဲချင်းပြီးသေတာ။ သင်္ဂြိုဟ်တာ ၁၅ရက်နေ့ ညနေထင်တယ်။

အထောက်အထား

# ကိုဘုန်းမော် သေတဲ့ညက

## ကိုစိန်ဟန်

ကျနော်စိန်ဟန်ပါ ၁၉၈၈ ခုနှစ်တုန်းက ကျနော် စက်မှုတက္ကသိုလ် ကျောင်းသားပါ။ မတ်လ (၁၃) ရက် ကိုဖုန်းမော်ကျဆုံးတဲ့နေ့မှာ ကျနော် ကျောင်းဝင်းထဲမှာ ရှိနေပါတယ်။ တကယ့်ပြဿနာစဖြစ်တာက မတ်လ (၁၂) ရက်နေ့ကပါ။ အစကတော့ ဘာသိဘာသာပဲ နေတယ်လေ ရိုးရိုးစကားများကြရန်ဖြစ်တယ်လို့ ထင်တာဘဲ။ မတ်လ (၁၃) ကျနော်တို့ ပျော်ပွဲစားသွားသေးတယ်။ အဲဒီမှာ ကားနဲ့ ရထားတိုက်ကြတယ်ဗျာ။ ကျနော်လည်း ဒဏ်ရာနည်းနည်းရပြီး ဆေးရုံရောက်သွားတယ်။ ညရောက်တော့ ကျနော့် သူငယ်ချင်းတယောက်က ကျောင်းသားနဲ့ အရပ်သားနဲ့ ရိုက်ပွဲဖြစ်လို့ မီးရှို့ကုန်ပြီလို့ ပြောတယ်။ မီးလောင်ကုန်ပြီဆိုတော့ ကျနော်လည်း ဆေးရုံမှာ ဆရာဝန်တွေကို ဘာမှမပြောတော့ဘဲနဲ့ ပြေးဆင်းလာခဲ့တယ်။ ကျနော်ပြေးဆင်းလာလိုက်တာ အဲဒီညမှာ လမ်းမှာ ကားမရှိ၊ ဘာမှ မရှိတော့ဘူး။

ကျနော် လမ်းလျှောက်ပြီးတော့ပဲ ကျောင်းကို ရောက်လာတယ်  အဲဒီမှာ ဆရာဦးသိန်းထွန်းအောင်ကို တွေ့တယ် 'ဟာ .. ငါ့တပည့် ဘယ်က ပြန်လာတာလဲဆိုတော့ ကျနော်က ဆေးရုံက ဆင်းလာတယ်ပေါ့။ ကားအက်ဆီးဒင့် (မတော်တဆ) ဖြစ်လို့။ အော် . . ဟုတ်လားတဲ့။ ဘယ်နှစ်ယောက် သေလဲတဲ့။ အသေ– အပျောက် မရှိဘူး ဆရာလို့။ အေးကွာတဲ့ ငါတို့ကျောင်းသားတွေ သေကုန်ကြပြီ။ ဟိုမှာတဲ့။ အဲဒါ ကျနော့် လက်ကိုဆွဲပြီး ကျောင်းထဲကို ပြန်ဆွဲသွားတယ်။ အဲဒီအချိန်မှာ ကျနော် ကြည့်နေတာက အဲဒီကွမ်းယာဆိုင်ရှေ့ကအဝလောက်မှာပေါ့နော် ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း ဆိုပြီးတော့ အရပ်သားက လိုက်လိုက် ကျောင်းသားက ပြေး၊ ကျောင်းသားက လိုက်လိုက် အရပ်သားပြေးလိုက်။ ခဲတွေနဲ့ ဟိုပစ် ဒီပစ်ပဲ။ ပုံစံက အဓိကရုဏ်း အသေးစား တစ်ခုလိုပေါ့။ ကျနော်တို့လည်း အဲဒီမှာ ကျောင်းသားအဖွဲ့ကို ခေါ်ပြီးတော့ ခဲကောက်ချင် ကောက်ထား။ တကမ်းတမ်း ဖြစ်လာလို့ရှိရင် ကိုယ်လည်း ခုခံလို့ရအောင်။ ကျနော်လည်း ခဲကောက်ထားပြီး ကိုင်ထားတာပေါ့။

ဝုန်း၊ ဝုန်း ဆိုပြီးတော့ အရပ်သားက
လိုက်လိုက် ကျောင်းသားက ပြေး၊
ကျောင်းသားက လိုက်လိုက် အရပ်သားက ပြေး

ကျနော် အာအိုင်တီ ရေပန်းရှိတဲ့နေရာမှာ ထိုင်နေတယ်။ အဲဒီအချိန်မှာ ဝရန်းသုန်ကား ဖြုန်းစားကြီးပေါ့ဗျာ။ မီးသတ်ကားပြေးဝင်လာပြီးတော့ ရေပိုက်ကြီးနဲ့ထိုးတယ်ဗျာ။ ထိုးတာလည်း ကျနော်တို့ကျောင်းသားကြီးကိုဘဲ ထိုးနေတာကိုး။ ကျနော်လည်း အစက ရေပန်းနားလောက် မှာပဲနေတာ။ နောက် ကိုယ်လည်း ထိထားတာဆိုတော့ ရေပန်းနောက်ကို ပြေးတာ။ နည်းနည်းဝေးတဲ့ နေရာကို ဆုတ်ထိုင်တာပေါ့။

ကျောင်းသားတွေကလည်း မခံနိုင်ဘူး။ ဟာကွာ ငါတို့ချည်းပဲ ထိုးနေတယ်ကွာ ဒီမီးသတ်ကားဆိုပြီး ပစ်ကွာလို့ မီးသတ်ကားကို ပစ်တော့ မီးသတ်ကားလည်း ထွက်ပြေးရော။ အရပ်သားကိုတော့ မပစ်ဘူး။ အရပ်သားတွေကတော့ အဲဒီအချိန်မှာ ဆုတ်သွားပြီး။ တဖက်သတ် ထိုးတာ တဖက်သတ်ဆိုတော့ ဟာ ဒါတော့ မဟုတ်သေးဘူးဆိုပြီး မီးသတ်ကားကို စပစ်တာပေါ့။ မီးသတ်ကားဆုတ်ပြီး သိပ်မကြာဘူး အသံအတော် ဆိတ်ငြိမ်သွားတယ်။

အားလုံး ငြိမ်သွားပြီဆိုတော့မှ ခဏနေ ကျား . . ဆိုပြီးတော့မှ ကျောင်းဝင်းထဲကို ခုန်ကျော်

လာပြီးတော့မှ ပစ်လည်း ပစ် ခုန်လည်းခုန်လာတယ်ဗျာ။ အဲဒီမှာ ကျနော်တို့ကလည်း စပစ်ပြီးဆိုတော့ ဝုန်းဒိုင်း ဝုန်းဒိုင်းဆိုပြီးတော့မှ ကျနော်တို့လည်း ပြေးရတာပေါ့။ ပြေးရတယ်ဆိုတော့လည်း ကျနော်လည်း ဟောလ် (အဆောင်) ဘက်ကို ပြေးရတယ်ပေါ့။ အဆောင်ခန်း နေရာကို ပြေးရတယ်ပေါ့။ တချို့တွေက ကျောင်းဝင်းထဲ ပြန်ပြေးတယ်။ မိန်း (ပင်မ) အဆောက်အအုံ အောက်ကို ပြန်ပြေးတာ။ အဲဒီ မိန်းအဆောက်အအုံက သူ့ပစ်မှတ်ပဲ။ ကျောင်းသား တော်တော်များများ ထိတယ်။ ပထမတော့ မျက်ရည်ယိုဗုံးပစ်တယ်။ မျက်ရည်ယိုဗုံး ပစ်တော့ ကျနော်တို့က မျက်ရည်ယိုဗုံး မမြင်ဖူးဘူး။ ဖောက်ကနဲ ဖောက်ကနဲ ကျလာတော့ မြက်ခင်းပြင်ပေါ် ကျလာတော့ ကျနော်တို့က ကြည့်ရင်း ကြည့်ရင်း အသက်ရှုလို့ မရတော့ဘူး။ ဟာ ဘာဖြစ်လို့ အသက်ရှုမရလဲဆိုတော့ လည်းချောင်းကို ပိတ်ပြီးတော့ အသက်ရှုမရတော့ဘူး။ ကျနော်က အဲဒီ မျက်ရည်ယိုဗုံးကို ရှုမိတာကိုး။

ကျနော်လည်း ကြောက်အား လန့်အားနဲ့ အောက်ထပ်ကို ပြန်ပြေးဆင်းလာ ပြန်ရော။ အဲဒီမှာ ဆရာကမင်းတို့ အင်္ကျီကို ရေစိမ်ပေါ့၊ အဲဒါကို နှာခေါင်းမှာ ပိတ်ပေါ့။ ကျနော်လည်း အင်္ကျီပြန်ချွတ်ပြီးမှ ရေစိမ်။ သူပြောတဲ့အတိုင်း လုပ်တော့ သက်သာတယ်။ အသက်ရှုလို့ ရလာတယ်။ အဲဒါပြီးတော့မှာ ဟိုး အနောက်ဘောလုံးကွင်းဘက် ရောက်သွားတယ်။ အဲလောက် ရောက်တဲ့အချိန်မှ သေနတ်သံတွေ ငြိမ်သွားတယ်။ ငြိမ်သွားတောမှ ဖြည်းဖြည်းပေါ့လေ ကျောင်းဝင်းထဲ ပြန်လာတယ်။ အသက်ရှု ကြည့်တယ်။ အသက်ရှုလို့ ရသေးတယ်ပေါ့။ ပြန်ဝင် လာတော့ ထိကုန်ပြီ၊ ထိ ကုန်ပြီဆိုတော့ ကျနော် တို့ မြို့က လူတယောက်

ကိုဖုန်းမော် အလောင်းတော့ မရှိတော့၊ သွေးကွက်တွေကို ရေဆေးပြီး ဘယ်ကို သွားပို့ထားလည်း မသိဘူး။

ထိသွားတယ်။ ဖားအံက မြတ်အောင်ဆိုတာ ထိတယ်။ သူက အမှန်တော့ အာအိုင်တီ ကျောင်းသား မဟုတ်ဘူး။ ကျောင်း အဆောက်အအုံထောင့်မှာ လဲနေတယ်။ ခြေထောက်မှာက ဒဏ်ရာ နှစ်ချက်လောက် ရှိတယ်။ နှစ်ဖက်လုံး ထိတယ်။ တစ်ချိန်ထဲမှာ ကိုစိုးနိုင်လည်း ရင်ဘတ်မှာ ထိနေတယ်၊ လဲနေတယ်။ နောက် ကိုဖုန်းမော် အလောင်းတော့ မရှိတော့ သွေးကွက်တွေကို ရေဆေးပြီး ဘယ်ကို သွားပို့ထားလည်း မသိဘူး။ ကျနော်တို့ သူတို့ကို ရန်ကုန်ဆေးရုံကို ပို့ဖို့လုပ်ကြတယ်၊ ရင်ဘတ်မှာ ထိထားတဲ့ ကိုစိုးနိုင်ကတော့ သူလည်း အသက်ရှုလို့ အေးဆေးပါပဲ။ ရင်ဘတ်မှာ ဆိုပေမယ့် အသက်ရှုနိုင်သေးတယ်။ လောလောဆယ် နှစ်ယောက်။ နှစ်ယောက်ဆိုတော့ ဘယ်သူလုပ်မလဲဆိုတော့ ဆရာ တစ်ယောက်က ဆရာအနေနဲ့ ကူညီနိုင်တာ ကူညီမှာပေါ့။

အဲဒါ သူ့ မာဇဒါကား အသေးစားလေး ယူလာပြီးတယ်။ သူတို့သွားကျမယ် ဆိုတော့ ကျနော်တို့ ဖားအံက ကရင်ပြည်နယ် ကျောင်းသားဥက္ကဋ္ဌက သူလည်း လိုက်မယ်ဆိုပြီး ဆေးရုံကို လိုက်သွားတယ်။ ကျောင်းပေါက်ဝကို ရောက်တော့ ကားကို မပေးထွက်ဘူး၊ ဒီကောင်တွေက ပိတ်ထားတယ်။ လုံးဝ မထွက်ရဆိုတော့။ အဲဒီမှာ ကားက ပြန်လှည့်လာတယ်။ ဟာ . . အဲဒီမှာ ကျနော်တို့ အကြီးအကျယ် ပေါက်ကွဲကြတာပေါ့။ သေမယ့်လူက သေပြီ။ အခုဒဏ်ရာရသူက ရပြီ။ သူတို့ပစ်တော့ ပစ်ပြီးတော့ ဆေးရုံကို ပေးမသွားဘူး ဆိုတော့ အဲဒီမှာ သောင်းကျန်းကြတယ်။

ဝုန်းဒိုင်း၊ ဝုန်းဒိုင်း သောင်းကျန်းကြတော့ အဲဒီမှာ ပါချုပ် ဦးခင်မောင်ကြည် ရောက်လာပြီး သားတို့ သားတို့ပေါ့။ မသောင်းကျန်းကြနဲ့ပေါ့ အဲဒီမှာ။ အဘ ကြည့်လုပ်မယ် ဆိုပြီးတော့ ပြောတယ်။ အဲဒီမှာ ကျနော်တို့က မဟုတ်ဘူး ဆရာ၊ သားလို့လည်း မခေါ်ပါနဲ့။ ဆရာ့သား ဖြစ်မယ်ဆိုရင် ဆရာကြည့်နိုင်

မလား။ သေရေးရှင်ရေး ဖြစ်နေတဲ့ လူနာပဲ ဆေးရုံမပို့နဲ့ ဆိုတော့ ဘာသဘောလဲပေါ့။ အဘကြည့် စီစဉ်မယ် ဆိုပြီးတော့ သူဖုန်းတယ်။ နောက်တော့ သွားလို့ ရပါပြီတဲ့။

နောက်တော့ ကျောင်းသားတွေ စုရော။ စုကြပြီးတော့ ကဲ.. ဘယ်လို လုပ်ကြမလဲ။ သေတဲ့သူတော့ သေနေ– ပြီ။ ကျနော်တို့ ဝိုင်းဖွဲ့ပြီး စကားပြောကြတယ်။ အဲဒီမှာ ဦးဆောင်တဲ့သူ တစ်ယောက် ရှိတယ်။ ကျနော်နဲ့ အရင်က တခန်းထဲနေခဲ့ဘူးတယ် သူနာမည်တော့ ကျနော်မေ့နေပြီ။ အပြင်ဆောင်က။ သူက ကျနော့်ထက် တတန်းကြီးတယ်။ တကယ်က သူက ဦးဆောင်ပြီး ကျနော်တို့ကို ကဲ ငါ့ညီတို့ အခုတော့ ဖြစ်ကုန်ပြီ။ ငါတို့ ဘယ်လိုလုပ်ကြမလဲ။ ငါတို့ ညီညွတ်မှု မရှိလို့ ရှိရင်တော့ မရဘူး။ ကြောက်နေလို့ရှိရင် မရဘူး။ သူက လိုက်ဆွယ်ပြီး ကျောင်းသားတွေကို စည်းရုံးတယ်။ ရှင်းရှင်းလေးပဲ သူပြောတယ်။ ငါတို့ အမျိုးတွေ ဆွေမျိုးတွေ သေတယ်ဆိုလို့ရှိရင် သတင်းစာမှာ ကြော်ငြာ ထည့်ပိုင်ခွင့်ရှိတယ်။ ငါတို့သူငယ်ချင်းတွေ သေမယ်ဆိုလို့ ရှိရင် ငါတို့မှာ ထည့်ကြော်ငြာခွင့် ရှိသင့်တယ်၊ ရှိရမယ် ဒါမျိုးတွေပေါ့။ ငါတို့ အဲဒါကို ဝမ်းနည်းကြောင်း သတင်းစာထဲ ထည့်သင့် ထည့်ရမယ်။ အလှူအတန်း လုပ်ပိုင်ခွင့် ရှိရမယ်။ ဒါကို ငါတို့ လုပ်ရမယ်။ ကြောက်ပြီးနေမယ် ဆိုလို့ရှိရင် မဖြစ်ဘူး။ ဒါမျိုး သူက လိုက်ပြီးတော့ စည်းရုံးတယ်။ အဲဒီညက အစည်းဝေးပွဲ ပုံစံမျိုးပေါ့ စကားပြောပြီး ဆွေးနွေးကြတယ်။ ကျနော်တို့ ဘာလုပ်သင့် သလဲဆိုပြီးတော့ သူထပြောတယ်။

ကျနော်တို့ နိုင်ငံရေးအခြေခံ သိပ်သိတာလည်း မဟုတ်ဘူး။ စိတ်ဓာတ်ရှိတာ ကတော့ ရှိတယ်။ မကျေ နပ်ချက် ရှိတာကတော့ ရှိတယ်။ ဒါပေမယ့် သူ့ပုံစံကို ကြည့်ရတာ နိုင်ငံရေး နားလည်ပုံရတယ်။ သူက ဦးဆောင်နိုင်တယ်လို့ သူပြောတယ်။ ကဲ ကျနော်တို့ ဘာလုပ်ကြရင် ကောင်းမလဲ။ အဲဒီတော့ ကျနော် တို့ ကော်မတီဖွဲ့ရင် ကောင်းမယ်။ သဘောတူသလား။ ကဲ . . နောက်ဆုံးနှစ်တွေထဲက ဘယ်သူက ကိုယ်စားတစ်ခုပေး။ ပထမနှစ် ဘယ်သူက ကိုယ်စားတစ်ခုပေး။ ပြီးရင် ဌာနအလိုက်ပေါ့ ကိုယ်စားပေး။ ကော်မတီဖွဲ့ဆိုတော့ ကျနော်တို့ ဖွဲ့ကြတာပေါ့ဗျာ။ ပြီးတော့ ဘာတောင်းဆိုမလဲ ဆွေးနွေးကြတယ်။ ကျနော် မှတ်မိသလောက် အချက် (၅) ချက် တောင်းဆိုတယ်။

တစ်အချက်က အစိုးရက တရားဝင် လူသိရှင်ကြား မှားယွင်းကြောင်း တိုင်းပြည်ကို ကြေငြာပေးရမယ်။ နောက် လျော်ကြေးပေးရမယ် ဆိုတာ တစ်ချက်။ နောက် တရားဝင် ဈာပနအခမ်းအနား လုပ်ပေးရမယ်။ ပြီးရင် အထိမ်းအမှတ်ကျောက်တိုင်တစ်ခုကို စိုက်ထူခွင့် ပြုရမယ့်အကြောင်း၊ သေဆုံးသွားတဲ့ ကျောင်းသား များအတွက်။ ပြီးရင် ကျောင်းသား သမဂ္ဂကို တရားဝင် ဖွဲ့စည်းနိုင်ခွင့် ပေးရမယ်။ ကျောင်းသား အရေးတို့ လက်ရှိ ပြဿနာ တို့ကို ဖြေရှင်းပေးဖို့ပဲ။ အဲဒါပဲ ကျနော်တို့ တောင်းဆိုတယ်။ နိုင်ငံရေးအရ ဒီ့ပြင်ကိစ္စတွေကို ဘာမှ မတောင်းဆိုပါဘူး။

> ကျနော်တို့ နိုင်ငံရေးအခြေခံ သိပ်သိတာလည်း မဟုတ်ဘူး။ စိတ်ဓါတ်ရှိတာက ရှိတယ်။ မကျေနပ်ချက် ရှိတာက ရှိတယ်။

သူက ဘီဘီစီက ဦးမောင်မောင်နဲ့ အဆက်အသွယ်ရှိတယ်။ သူက မော်ကွန်းထိန်းရုံးခန်းကို ဝင် ပြီးတော့ ဘီဘီစီသတင်းထောက် ဦးမောင်မောင်ကို ဆက်သွယ်ပြီး ဒီအကြောင်းကို ပြောပြတာပေါ့။ ပြောပြရင်း တန်းလန်းနဲ့ ဖုန်းလိုင်းက ပြတ်သွားတယ်။ အဲဒါ သူပြန်ရှင်းပြတယ်။ ကဲ . . အခုကိစ္စကို ကျနော်က ဘီဘီစီကို ဆက်သွယ်ပြီးပြီ။ ဒါပေမယ့် ကျနော်တို့ တောင်းဆိုတဲ့ အချက်တွေကို မပြောပြ ခင် မှာပဲ ဖုန်းလိုင်းဖြတ်ခံ ထိတယ်။ ကျနော်တို့ ဘာဆက်လုပ်ကြမလည်း ဆိုတော့ ကျနော်တို့က ဒီလို

ဆို တောင်းဆိုကြ တိုက်ပွဲဝင်ကြမယ်။ အားလုံးသဘောတူပြီး ကိုယ့်အဆောင်ဆီကို ကိုယ်ပြန်ကြတယ်။ တိုက်ပွဲဝင်မယ်ဆိုတာက ငြိမ်းချမ်းစွာ ကျနော်တို့ တိုက်ပွဲဝင်ကြမယ်။ အဲဒီပုံစံမျိုး ကျနော်တို့ စီမံကြတယ်။ ပြီးမှ ကျနော်တို့ လူစုခွဲပြီး ပြန်အိပ်တယ်။ အဲဒီည လူစုမခွဲခင် ကျဆုံးသွားတဲ့ သူတွေအတွက် အထိမ်းအမှတ် ပန်းခွေလုပ်ကြမယ် ဆိုပြီးတော့ ပန်းခွေလုပ်ကြတယ်။ ပြီးတော့ အဲဒီမှာ သွေးကွက်တစ်ကွက် ရှိတယ်ဗျာ။ သွေးကွက် သွေးအိုင်တဲ့နေရာ။ ကိုစိုးနိုင်ရဲ့ သွေးကွက်လား၊ ဖုန်းမော်ရဲ့ သွေးလားဆိုတာတော့ မသိဘူး။ အဲဒီသွေးကွက်ရှိတဲ့ နေရာမှာ ဘာလုပ်လဲဆိုတော့ သွေးကွက်ကို ကြယ်ပုံစံဝိုင်းပြီးတော့ အုတ်ခုံကြီးတစ်ခု ပေါ့ဗျာ လုပ်ကြတယ်။ လုပ်ကြတဲ့နေရာမှာ အနောက် အဆောက်အအုံမှာရှိတဲ့ ကျောက်တွေ အုတ်ခဲတွေ ယူပြီးတော့ ယာယီပေါ့ဗျာ။ မနက်ဖြန်ကျမှ ဘိလပ်မြေတွေနဲ့ ကောင်းကောင်း ကိုင်မယ်ဆိုပြီးတော့ ကျနော်တို့ လုပ်တယ်။ အဲဒီမှာ ကျည်ဆန်ခွံတွေ မျက်ရည်ယိုဗုံး ခွံတွေ၊ သွေးစတွေ၊ သွေးစွန်းနေတဲ့ အင်္ကျီတွေကို ထည့်ပြီးတော့ ကျနော်တို့ အလေးပြုကြတယ်။ အလေးပြုတယ်၊ ပန်းခွေချပြီးတော့မှ ကျနော်တို့ လူစုခွဲတယ်။

မနက်ကျတော့ ကျနော်တို့အားလုံး ဟောလ် (အဆောင်) ကို ပြန်ပတ်ပြီးတော့မှ မိန်းကလေးတွေ စုလာပြီးတော့မှ ကျောင်းဝင်း တစ်ပတ်ပတ်ကြတယ်။ ကျနော်တို့ စကားမပြောပဲ ၃–၄ ယောက် တစ်တန်း၊ တန်းစီပြီးတော့မှာ ပန်းခွေတွေ ကိုင်ပြီးတော့မှ ကျနော်တို့ ပတ်ကြတယ်။ ပတ်တဲ့အချိန်မှာ ဆရာတွေက သားတို့ အပြင်မထွက်နဲ့။ ကျနော်တို့ မထွက်ဘူး။ ကျနော်တို့ လောလောဆယ် ဒီမှာပဲ စီတန်းလှည့်လည်တာလည်း ကျောင်းဝင်းထဲမှာပဲ။ သူတို့လည်း စကားမပြောဘူး။ ကျနော်တို့လည်း အသံတိတ် လမ်းလျှောက်တာဆိုတော့ ကျနော်တို့လည်း စကားမပြောတော့ဘူး။ တစ်ပတ်ပတ်ပြီးတော့ ကျနော်တို့အဆောက်အအုံအောက် ပြန်ဝင်လာတယ်။ သွေးကွက်တွေရှိတဲ့ ညက ကျနော်တို့လုပ်ထားတဲ့ ကြယ်ပုံသဏ္ဍာန်အုတ်ခုံမှာ ပန်းခွေချပြီး အလေးပြုကြပြီးတော့ ကျနော်တို့ လူစုခွဲတယ်။ မနက်ဖြန် ကျောင်းမပျက်ဘဲနဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အဲဒီမှာ ကျနော်တို့ လူစုပြီးတော့မှ ဆက်လက်တိုက်ပွဲဝင်ဖို့ အစီစဉ်ချတယ်။

အဲဒီအချိန်မှာ ကျနော်ကလည်း အရဲစွန့်ပြီးတော့မှ အပြင်ဆောင်ကို ထွက်လာလိုက်တယ်။ ကျနော်က အပြင်ဆောင်မှာ နေနေတာကိုး။ ကျနော့် သူငယ်ချင်း တစ်ယောက်နဲ့။ ကြောက်လည်း ကြောက်နဲ့အဲဒီမှာ လုံထိန်းတွေ တွေ့တယ် ရပ်ကွက်ထဲမှာ လုံထိန်းတွေ ရှိတယ်။ ကျောင်းနဲ့ နည်းနည်းလွန်ရင် ရှိနေကြတယ်။ တုတ်တွေ၊ ဒိုင်းတွေကို အဆင်သင့် ကိုင်ထားကြတယ်။ သူတို့ လမ်းပိတ်လိုက်တယ် ထင်တာပဲ။ အဆက်အသွယ် အသွားအလာ လုံးဝမရှိဘူး။

အဲဒီမှာ ကျောင်းသားကြီးတွေက ကျနော့်ကို အဲဒီညက သူတို့ကျောင်းဝင်းထဲ မဝင်ဘူးတဲ့။ ရပ်ကွက်ထဲမှာပဲ ပုန်းနေတာတဲ့ ကျနော့် အဆောင်လာပြီးတော့ ပြေးဖို့ ပြောတာပေါ့ဗျာ။ ကျနော်က ကျနော်တို့ ဘာဖြစ်လို့လဲ။ ကျနော်တို့ ငြိမ်းချမ်းစွာဆန္ဒပြမယ်။ ကျနော်တို့ ကျောင်းမပျက်ဘူး။ သူက ကျနော့်ကို မေးတယ်။ မင်း အသေခံရဲလားပေါ့။ ဟ .. အဲဒီလိုတော့ ဘယ်အသေခံမလဲ။ အဲဒါဆို မင်းတောခိုရဲလား။ ဟ .. တောခို ဖို့လည်း မဖြစ်ပါဘူး။ မင်း ကျောင်းထုတ်ခံရဲလား။ ကျောင်းထုတ်လဲ မခံရဲဘူး။ မင်းဒါဆို အဖမ်းခံရဲလား။ အဖမ်းလည်း မခံရဲဘူး။ အေးဒါဆို မင်းပြေးရင် ကောင်းမယ်တဲ့။ အပြင်ဆောင်မှူးကလည်း ပြေးပေါ့ကွာ။ အခြေနေ မကောင်းတော့ဘူးပေါ့။ ဒါနဲ့ ကျနော်လည်း ကိုယ့်နယ်

> **မနက်ဖြန် ကျောင်းမပျက် ကိုယ့်နည်း ကိုယ့်ဟန်နဲ့ အဲဒီမှာ လူစုပြီးတော့မှ ဆက်လက် တိုက်ပွဲဝင်ဖို့ အစီအစဉ် ချတယ်။**

ကိုယ် ပြန်သွားတာပေါ့။

နောက်တော့ လူနာလိုက်ပို့တဲ့ ကျနော့် သူငယ်ချင်းလည်း (ကရင်ပြည်နယ် ကျောင်းသားဥက္ကဌ) အိမ်ပြန်ရောက်လာတယ်။ သူက အဲဒီညကအခြေအနေကို ရှင်းပြတယ်။ ဆေးရုံတင်ပြီး နောက်နေ့ မနက်ကျတော့ သူက အပြင်ထွက် လက်ဖက်ရည် သောက်ပြီး ဆေးလိပ်ထွက် ဝယ်တာ။ ဆရာဝန် လာမည့် ထင်တော့ သူပြန်ဝင်လာတယ်။ ဝင်လာတဲ့အချိန်မှာ လူနာတွေကိုရဲတွေက လူနာနှစ်ယောက်လုံးကို သံကြိုးတွေ ခတ်ထားကုန်ပြီ။ သူကလည်း အဝင် ရဲတွေကို သူကတွေ့တော့ ရှောင်လိုက်ရတယ်။ သူ နောက်ပြန်ဆုတ်လိုက်တယ်။ ဆေးရုံရဲ့ အောက်ဆုံး မြေအောက်ထပ်မှာ အချုပ်ဆောင်ကို သူတို့နှစ်ယောက် စလုံးကို ပို့လိုက်တယ်။ အနားမှာ ရှိတဲ့သူ အားလုံးကို ဖမ်းတယ်။ ဒါနဲ့ သူလည်း ကြောက်ပြီးတော့မှ ပြန်ပြေး လာတာတဲ့။ နောက်တော့ ကိုစိုးနိုင် ဆုံးတယ် ကြားရတာပါဘဲ။ သူက ကော်မတီမှာပါတဲ့အတွက် ကျောင်းက အထုတ်ခံရတယ်။ ကျနော့် သူငယ်ချင်း မြတ်အောင်ကိုတော့ ဖမ်းသွားတယ်။ သူက ကျောင်းဖွင့်တော့ ထောင်က ပြန်လွတ်လာတယ်။ သူ့ကိုလည်း ကျောင်းတက်ခွင့်တော့ ပြန်ပေးတယ် ထင်တယ်။

နောက်ဆုံး ပြောရမယ်ဆိုရင် အဲဒီညက အဖြစ်အပျက်က ကျနော်စောစောကြီး ရှောင်နေလို့သာ၊ မရှောင်ဘူးဆိုရင် ကျနော် ဘယ်ကမ္ဘာကို ရောက်နေပြီလည်း မသိတော့ပါ။

# အခုဆို အနှစ်နှစ်ဆယ်ရှိပြီ

**ကိုမင်းဇော်**

အဲဒီတုန်းက စတုတ္ထနှစ် စက်မှုအင်ဂျင်နီယာ ဘာသာရပ်မှာ ကျောင်းတက်နေပါတယ်။ နေတာကတော့ ကျောင်းမကြီးဝင်းထဲက စီဆောင်မှာပါ။

(၁၃) ရက်နေ့ ညက ကျနော်တို့သူငယ်ချင်းတွေ ကျောင်းရှေ့က လက်ဖက်ရည်ဆိုင်မှာ စုထိုင် ပြီး တိုင်ပင်ကြတယ်။ လက်ဖက်ရည်ဆိုင်မှာ မနေ့ညက (၁၂ရက်နေ့) ကျနော်တို့ ကျောင်းက ကျောင်းသား တယောက် အရိုက်ခံလိုက်ရတာနဲ့ ပတ်သက်ပြီး ဘယ်လိုတုန့်ပြန်ရင် ကောင်းမလဲလို့ ဝိုင်းတိုင်ပင်ကြတယ်။ အဲဒီအထဲမှာ ကျနော်တို့ တက္ကသိုလ်အရံတပ်ရင်း (University Training Corp- UTC) အတူ တက်ခဲ့ဖူးတဲ့ သူငယ်ချင်း ၄–၅ ယောက်ပါကြတာ မှတ်မိတယ်။ အခုတော့ တချို့က ဗိုလ်မှူးကြီးတွေ ဖြစ်နေလောက် ပါပြီ။ နောက် ကျနော်တို့ အုပ်စုနှစ်စု ခွဲတယ်။ ပထမတစု ၁၀ ယောက် ၁၅ ယောက်လောက်က မနေ့က အရိုက်ခံလိုက်ရတဲ့ နေရာကိုအရင်သွား၊ နောက်တစု ၁၀ယောက် ၁၅ ယောက် လောက်က ၁၅ မိနစ် လောက်ခြားပြီး သူတို့နောက်က လိုက်သွားဖို့ ပြောပြီး သွားကြတယ်။




ကျနော်က ဒုတိယအစုမှာ ပါတယ်။ ကျနော်တို့ ဟိုကို ရောက်တဲ့အချိန်မှာ လက်ဖက်ရည်ဆိုင်ကို ခဲတွေနဲ့ ပစ်နေကြပြီ။ ကျနော်လည်း ဝင်ပစ်တာပေါ့ဗျာ။ လက်ဖက်ရည်ဆိုင် တံခါးပိတ်ထားတာကို ခြေထောက်နဲ့တောင် ဝင်ကန်လိုက်သေးတာ မှတ်မိပါ့။

ပထမနေ့ည ကျောင်းသားတယောက် အရိုက်ခံလိုက်ရတာကို ကိုယ့်ကျောင်းသားတွေ တယောက်ပြောတယောက်နဲ့ တော်တော်သိနေကြတယ်။ ဘယ်သူတွေ စကြမလဲသာ သူ့ကြည့်ကိုယ့်ကြည့် ကြည့်နေကြတာ။ နောက်ကိုယ့်နီးစပ်ရာ ကျောင်းသားအုပ်စုလေးတွေစုမိပြီး ကိုယ့်ကျောင်းသား အတွယ်ခံရတဲ့နေရာကို သွားကြတာ။

အဓိကကတော့ ပထမနေ့က ရိုက်လိုက်တဲ့ကောင်ကို ထုတ်ပေးဖို့ ပြောကြတာပဲ။

ကျောင်းသားတွေက ဖြစ်တဲ့နေရာ ရပ်ကွက်ထဲကို အရင်ဆင်းလိုက် သွားကြတာဗျ။ အာအိုင်တီ ကျောင်းဝင်းထဲကနေ ရပ်ကွက်ဖက်ကို ဆင်းသွား ကြတယ်ပေါ့ဗျာ။ ကျနော်ရောက်သွားတော့ ကိုဟင်းလမ်းထဲ ရောက်နေပြီ။ အဲဒီမှာ ပထမနေ့က ကျောင်းသားကို ရိုက်လိုက်တဲ့လူကို ထုတ်ပေးဖို့ ရှေ့က ကျောင်းသားတွေက ပြောနေကြတယ်။ ရပ်ကွက်ကလည်း မီးမှောင်ချထားတယ်။ နောက်မကြာပါဘူး။ ကျောင်းသားတယောက်ကို မီးမှောင်ထဲက ဓါးနဲ့ ထွက်ခုတ်လိုက်တာပဲ။ အဲဒီကနေမှ ကျောင်းသားတွေက ရပ်ကွက်ထဲကနေ ကျောင်းမကြီးရှိရာ ဖက်ကို ပြန်ဆုတ်လာကြတာ။ ရပ်ကွက်ထဲကလူတွေကလည်း တုတ်၊ ဓားတွေကိုင်ပြီး လိုက်လာတာ မှတ်မိသေးတယ်။

ကျနော်တို့က ကျောင်းဝင်းထဲကနေ ပြန်ခုခံကြတယ်။

ကျောင်းသားတွေ ရပ်ကွက်ထဲက ပြန်အထွက်လောက်မှာ အဲဒီလမ်းပေါ်က သမဝါယမဆိုင် မီးလောင်

တယ်ဗျ။ ဘယ်သူ ရှိ့သလည်းတော့ မသိဘူး။ ကျနော်က အဲဒီ သမဆိုင် မီးစလောင်တော့ ကျောင်းရှေ့က အင်းစိန်လမ်းမကြီးပေါ် ပြန်ရောက်နေပြီ။

ရပ်ကွက်ထဲက ပြန်ဆုတ်လာတော့ တချို့ အနည်းငယ်သော ကျောင်းသားတွေ ၃-၄ ယောက်က အင်းစိန် ဆေးဝါးထုတ်လုပ်ရေးစက်ရုံကို မီးဝင်ရှို့ဖို့ ကြိုးစားကြသေးတယ်ဗျ။ ဝင်မရလို့သာ ....

သမဆိုင်မီးလောင်နေတော့ ပထမဆုံး မီးသတ်ကားတစီး ဝင်လာတယ်ဗျာ။ ကျောင်းရှေ့ လမ်းမကြီးကနေ ရပ်ကွက်ထဲဝင်မယ့် လမ်းဆုံလေးထိပ်လည်း ရောက်ရော ကျောင်းသားတယောက်က ခဲနဲ့ထုလိုက်တာ ကားရှေ့မှန်ကြီး ကွဲပြီး မီးသတ်ကားလည်း နောက်ပြန် အမြန်ပြန်ဆုတ် သွားတယ်။ အဲဒါကတော့ ကျနော့်အနားမှာပဲ ဖြစ်နေတာ။

ပထမက မီးသတ်ကားတွေက ရေတွေနဲ့ကျောင်းဝင်းထဲ ပြန်ရောက်ပြီး လူစုမခွဲသေးဘဲ အော်နေကြတဲ့ ကျောင်းသားတွေကို အရင်ပက်တာဗျ။ ကျောင်းသားတွေက မီးသတ်ပိုက်နဲ့ ပက်တာကတော့ ရီတာပေါ့ ဘာညာ အော်နေကြသေးတာ။ တချို့ အနည်းငယ်သော ကျောင်းသားတွေက ရရာခဲတွေနဲ့ ပစ်ကြတယ်။ သူတို့ဖက်ကလည်း ခဲနဲ့ပစ်တယ်။ အပြန်အလှန် သူပစ်ကိုယ်ပစ်ပေါ့ဗျာ။

နောက်မကြာဘူး သေနတ်သံတွေ ကြားတာပဲ။ သေနတ်ပစ်တော့ ကျနော်က ကျောင်းမကြီးရှေ့က အုတ်တိုင်ကြီးတွေ အောက် ရောက်နေပြီ။ ယူနီဖောင်းဝတ်တွေ သေနတ်တွေနဲ့ ကျောင်းနံရံတွေကို ကျော်ဝင်လာတာ တွေ့တာနဲ့ ကျနော်ကျောင်းမကြီး အောက်ထဲ ပြန်လှည့် ပြေးတာပေါ့။

ကျနော် ထင်တာကတော့ ကျောင်းဝင်းထဲ ရောက်လည်း ရောက် ရင်ဘောင်တန်း နေရာယူပြီး တန်းပစ်ပုံရတယ်ဗျ။ သေနတ်ရော မျက်ရည်ယိုဗုံးရော ပါပုံပဲ။ ကျနော့်ဘဝမှာ ပထမဆုံး မျက်ရည်ယိုဗုံး အရသာ ခံဖူး လိုက်တယ်ပေါ့ဗျာ။ မျက်လုံးတွေ အရမ်းကျိန်းစပ်ပြီး မျက်ရည်တွေ ဒလဟောကျလာတာ။ တော်တော် အခံရခက်တယ်။

အင်း . . ကိုဖုန်းမော်ကိုတော့ မိန်းကျောင်းဆောင်ကြီး အောက်က ကာတွန်းဘောက်စ်နား ခုံတန်းလေး တခုပေါ်မှာ ပက်လက်ကလေး လဲနေတာ တွေ့တယ်။ အနီးကပ်ကြည့်မိတယ်။ ဗိုက်မှာ သေနတ်ထိထားတာ သွေးတွေနဲ့ဗျာ . . သူ့နှုတ်ခမ်းတွေ ပြာနှမ်းနေတာပဲ။

ကိုဖုန်းမော်ကိုတော့ မိန်းကျောင်းဆောင်ကြီး အောက်က ကာတွန်းဘောက်စ်နား ခုံတန်းလေး တခုပေါ်မှာ ပတ်လက်ကလေး လဲနေတာ . . .

နောက် ကျနော့် သူငယ်ချင်း နောက်ဆုံးနှစ်က ကိုမြင့်ဦးကို သေနတ်ထိပြီး ကျောင်းသားတွေ ဆွဲလာတာ မြင်လိုက်တယ်။ ပြီးတာနဲ့ ကျနော့်နဲ့ ကျနော့် သူငယ်ချင်းတယောက် ကျောင်းကန်တင်းဖက် သွားတယ်။

ပါမောက္ခ တယောက်ရဲ့သား ဆရာဝန်ရှိတယ်ဆိုတာ ကြားတာနဲ့ သွားခေါ်တာ အိမ်မီးတွေ ပိတ်ထားလို့ ပြန်လှည့်ခဲ့ရတယ်။ ကန်တင်းက ပြန်လာပြီး ဒေါသထွက်ထွက်နဲ့ လက်နက်ရှာတာ ဆိုင်တခုထဲက ကြက်သွန်လှီးတဲ့ ဓားတချောင်းပဲ ရတယ်ဗျာ။ အဲဒါလေး ကိုင်ပြီး ဒို့ကျောင်းသားတွေ ပစ်သတ်ခံရပြီ ဆိုပြီး ဒေါသကလည်းထွက် မျက်ရည်ယိုဗုံးကြောင့်လည်း မျက်ရည်ထွက်နဲ့ပေါ့ဗျာ . . အမှတ်တရပါပဲ။

အခုဆို အနှစ်၂၀ရှိပြီဗျ .. အဲဒီတုန်းက ကျနော်တို့ မဆလခေတ်မှာ ကျောင်းသားတွေမှာ ကျောင်းသားသမဂ္ဂ မရှိဘူးဗျ။ စုဖွဲ့မှု မရှိဘူးပေါ့ဗျာ။ နိုင်ငံရေးပါတီတွေ မရှိဘူးဗျာ။ အဲဒီလို ကာလ မျိုး အခြေအနေမျိုးမှာ ဖြစ်တဲ့ ကျောင်းသားလှုပ်ရှားမှု အစပျိုးတိုက်ပွဲဟာ ကြမ်းတမ်းမှာပဲ။ ပေါက် ကွဲမှာ

အမှန်ပဲ။ ဘယ်အရာမှ မှန်တန်းတကျ စာအုပ်ကြီးဆန်ဆန် မဖြစ်ပေါ်နိုင်ဘူး။

ကိုဖုန်းမော် ဗျာ ဒီတိုက်ပွဲရဲ့ ပထမဆုံး အသက်ပေးလှူလိုက်ရတဲ့ ကျောင်းသား အာဇာနည်။ ဒါပေမယ့်သူက ကျောင်းသား ခေါင်းဆောင်လည်း မဟုတ်ဘူးဗျ။ အဲဒီကာလက ဘာအစုအဖွဲ့ လုပ်ခွင့်ရှိလို့ ကျောင်းသားသမဂ္ဂတွေ ကျောင်းသားခေါင်းဆောင်တွေ ရှိရမှာလဲဗျာ။ သူလည်း သူလိုကိုယ်လို သာမန် ကျောင်းသားတယောက်ပဲ။

အဲဒီကနေမှ တိုက်ပွဲ လိုအပ်ချက်အရ ကျောင်းသားခေါင်းဆောင် အာဇာနည်ဗိုလ်ဖုန်းမော်အဖြစ် စံပြုတိုက်ပွဲဆက်ကြရတာ။ သူ့သွေး သူ့အလောင်းကို စံပြုပြီး တိုက်ပွဲတွေ ဆက်ခဲ့ကြရတာ။ အဲဒီလို အခြေအနေမျိုးဟာ သမိုင်းမှာ ထူးခြားချက်လည်း ဖြစ်တယ်။ လိုအပ်ချက်လည်း ဖြစ်တယ်ဗျ။

၁၄ ရက်နေ့ ည စနာရီလောက်မှာ ကျောင်းမကြီးနဲ့ အဆောင်သွားတဲ့ လမ်းပေါ်နဲ့ ကန်တင်းဆိုင်တွေ နှစ်တန်းကြားမှာ ကျောင်းသားတွေ စုကြတယ်။ စကားပြောကြတယ်။ အသေခံခေါင်းဆောင် သုံးယောက် ရွေးတယ်ဗျ။ နေမျိုးအောင်လား တယောက်ပါတယ်။ မန္တလေးသားထင်တယ်။ ကျန်တဲ့ နာမည်တွေ မမှတ်မိ တော့ဘူး။

နောက်နေ့မနက်မှာ ကျွန်တော်တို့ ကျောင်းဝင်းထဲမှာ ပတ်ပြီး လမ်းလျှောက်ကြတယ်။ မိန်းကလေးဆောင် တွေဖက်အထိ အပါအဝင် ကျောင်းဝင်းထဲ စီတန်းလှည့်ကြတယ်။ ဒို့ကျောင်းသားတွေ အပစ်သတ်ခံရပြီ ဆန္ဒပြကြဖို့ လှုံ့ဆော်ကြတယ်။

နောက်နေ့လည်ဖက် ကျောင်းဆောင်မကြီး အောက်မှာ ခုံတန်းလေးထိုးပြီး ကျောင်းသားတွေ ခုံပေါ် တက် နိုင်ငံရေးစကားတွေ ပြောကြတယ်။ အဲဒီတုန်းက အခု ကျနော်တို့ ကိုသံဒုတ်တောင် တရားတက် ဟောတဲ့အထဲ ပါသေးတယ်။ ဒီလူက သိပ်သတ္တိကောင်းတယ်။

ကျနော်က အဲဒီတုန်းက နိုင်ငံရေးဆို ဘာမှ မသိဘူးဗျ။ ကျနော့် မိဘတွေကလည်း အဖေ ကျောင်းဆရာ အမေ ကျောင်းဆရာမတွေလေဗျာ။ ဘဝကို ရိုးရိုးကြီး ဖြတ်နေကြသူတွေလေ။

အခုတော့ ကျနော်က ခင်ဗျားတို့ သိတဲ့ ကျောင်းသားသူပုန်ပေါ့ဗျာ။

# မတ် ၁၃ ရက် (သို့မဟုတ်) တော်လှန်ရေး မီးပွါးတစ်စ

ကိုမျိုးဝင်း

ကျနော်က အဲဒီအချိန်တုန်းက နောက်ဆုံးနှစ် စက်မှုအင်ဂျင်နီယာ ကျောင်းသားပါ။ အဲဒီနေ့ ညနေခင်းမှာ လက်ဘက်ရည်ဆိုင်မှာ ထိုင်နေတုန်း သူငယ်ချင်း တစ်ဦးက မနေ့က ဖြစ်ပျက်မှုအပေါ် မကျေနပ်ကြလို့ သက်ဆိုင်ရာ ရပ်ကွက် အာဏာပိုင်များထံမှာ ပြန်လည်တောင်းဆိုဖို့ လူစုနေကြတယ်။ မိမိကိုလည်း သူငယ်ချင်းတချို့ လိုက်ရှာနေကြ တယ် ပြောလို့ လက်ဘက်ရည်ဆိုင် ကနေ အဆောင်ကို ပြန်လာဖြစ်တယ်။ အဆောင်မှာ လူစုနေတာ မတွေ့ရတာနဲ့ တီဗွီ ထိုင်ကြည့်နေတယ်။ အဲဒီအချိန်မှာဘဲ သူငယ်ချင်း တဦးက ရပ်ကွက်အတွင်းမှာ သူငယ်ချင်းတွေ ပိတ်မိနေပြီ။ အားလုံး အရိုက်ခံနေရပြီ ဝိုင်းကူကြဦးလို့ လာခေါ်တာနဲ့ အချင်းဖြစ်ပွားရာ နေရာဘက်ကို ချက်ချင်း ထလိုက်သွား ဖြစ်တယ်။ အချိန်က ည ၇း၃၀ နဲ့ ၈း၀၀ ကြား လောက်ပါ။

အဲဒီအချိန်မှာ ကျောင်းသားတွေက သိပ်မရှိသေးဘူး။ ရသလောက် စုပြီး လိုက်ကြရတယ်။ ကျောင်းရှေ့ လမ်းမပေါ် ရောက်တော့ ကျောင်းသား အချို့လည်း လွတ်မြောက် လာကြတယ်။ အဲဒီအချိန်မှာဘဲ ကျောင်းက တာဝန်ရှိသူ ကားတစီး ရပ်ကွက်အတွင်းက မောင်း ထွက်လာတယ်။ ကားပေါ်မှာ ဒဏ်ရာရတဲ့သူတွေ ပါလာတယ်။ ကားပေါ်ကနေ ကျောင်းသား တဦးက ရပ်ကွက်အတွင်းမှာ ကျောင်းသားတွေ ပိတ်မိနေပြီ။ အမြန် သွားကယ်ကြပါလို့ ကားပေါ်ကနေ အော်ပြောသွားတယ်။ ဒီအသံကြားတော့ အားလုံး သွေးဆူကုန်ပြီ။ နီးရာ တုတ်။ အုတ်ခဲ ဆွဲပြီး ကျောင်းရှေ့ လမ်းဆုံကနေ ဘီပီအိုင် လမ်းမအတိုင်း ရပ်ကွက်အတွင်းကို ဝင်လိုက်ကြတယ်။

> ကားပေါ်မှာ ဒဏ်ရာရတဲ့ သူတွေ ပါလာတယ်။ ကားပေါ်ကနေ ကျောင်းသားတစ်ဦးက ရပ်ကွက်အတွင်းမှာ ကျောင်းသားတွေ ပိတ်မိ ..

ရပ်ကွက်ဘက်မှာလည်း လူအုပ်စုလိုက် ဖြစ်နေပြီ။ ကျောင်းသားအုပ်စုနဲ့ ရပ်ကွက်အုပ်စုတို့ အပြန်အလှန် ခဲတွေနဲ့ အပြန်အလှန် ပစ်ကြတယ်။ ခဲမှန်လို့ သူငယ်ချင်းတွေ ဆက်ပြီး ဒါဏ်ရာရ ကြတယ်။

ဒါဏ်ရာရတဲ့ သူငယ်ချင်းတွေကို အင်းစိန်ဆေးရုံမှာ အဲဒီညမှာဘဲ လိုက်ပို့ပေးရတယ်။ ဆေးရုံမှာ ဒါဏ်ရာရတဲ့ ကျောင်းသားတွေ တော်တော်များများ တွေ့ရတယ်။ သူတို့ကို ဆေးရုံမှာ ထားခဲ့ပြီး ကျောင်းကို ပြန်လာတော့ လမ်းတွေ ပိတ်လိုက်လို့ ကားမရှိတော့ဘူး။ လမ်းလျှောက် ပြန်လာတော့ အင်းစိန် ဘီအိုစီ ကွေ့မှာ စစ်တပ်က ပိတ်ဆို့ ထားလိုက်ပြီ။ ဘရင်းကယ်ရီရာ ကားတွေလည်း ပါတယ်။ ဆေးရုံက ပြန်လာ တာကို အကျိုးအကြောင်း ရှင်းပြတော့ ကျောင်းကို ပြန်ခွင့်ပြုတော့ ပြန်လာတယ်။

ကျောင်းဝင်းထဲရောက်တော့ ကျောင်းရှေ့မှာ လုံထိမ်းတပ်ဖွဲ့။ မီးသတ်နဲ့ တာဝန်ရှိသူများက အင်းစိန် လမ်းမပေါ်မှာ နေရာယူထားလိုက်ပြီ။ စစ်တပ်ကတော့ သမိုင်းလမ်းဆုံနဲ့ အင်းစိန် ဘီအိုစီကွေ့တို့မှာ ပိတ်ဆို့ထားတယ်။ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူများ အပါအဝင် အာဏာပိုင် အဆင့်ဆင့်တို့လည်း ရောက်ရှိ နေကြတယ်။

ကျနော်တို့ အဲဒီအချိန်က တောင်းဆိုတာက မတရားမှုတွေအတွက် အဖြစ်မှန် ဖော်ထုတ်ပေးဖို့နဲ့ အရေးယူ ပေးဖို့ အတွက်ပဲ တောင်းဆိုခဲ့တာ။

ကျောင်းသားတွေနဲ့ အာဏာပိုင်တွေအကြား စတင်တင်းမာခဲ့တာက ခံရတာက ကျောင်းသားတွေဖြစ်ပြီး လုံထိမ်းတပ်ဖွဲ့က လူစုခွဲ ဖြိုခွင်းဖို့ ကြိုးပမ်းတာက မိမိတို့ ဘက်ကို ဖြစ်နေလို့ ပိုပြီး ပေါက်ကွဲကြတယ်။ လူစုခွဲပေးဖို့ စတင်တောင်းဆိုတယ်။ မရတော့ မီးသတ်ပိုက်နဲ့ ထိုးပြီး လူစုခွဲတယ်။

နောက်တော့ မီးသတ်ပိုက်နဲ့ လူစုခွဲလို့ရမရတော့ မျက်ရည်ယိုဗုံးနဲ့ ပစ်ပြီးလူစုခွဲတယ်။ တပြိုင်နက်တည်းမှာ လုံထိန်းတပ်ဖွဲ့က ပြောင်းချောသေနတ်နဲ့ အတွင်းကို လှမ်းပစ်ပြီး ကျောင်းဝင်းနံရံကို ကျော်ဝင်လာကြတယ်။ ဝင်ရောက်သိမ်းပိုက်တာ ဖြစ်တယ်။

အဲဒီအချိန်မှာ ကျနော်က ရေပန်းအဝိုင်းအနားမှာ ရှိနေတယ်။ ဖုန်းမော်က မိမိတို့ရှေ့ မြက်ခင်းပြင်ထဲမှာ ဖြစ်တယ်။ သူက ကျောင်းဝင်းထဲ ကျော်ဝင်လာတဲ့ လုံထိန်းတပ်ဖွဲ့နဲ့ ထိပ်တိုက် တိုးသွားတာ ဖြစ်တယ်။

> **ခံရတာက ကျောင်းသားတွေ ဖြစ်ပြီး လုံထိမ်းတပ်ဖွဲ့က လူစုခွဲဖြိုခွင်းဖို့ ကြိုးပမ်းတာက မိမိတို့ဘက်ကို ဖြစ်နေလို့ . . .**

မျက်ရည်ယို ဓါတ်ငွေ့တွေ ရှင်းတော့ စိုးနိုင်ကို သယ်လာတဲ့ ကားနဲ့ ကျောင်းဆောင်ကို ပြန်လာတယ်။ လူနာကားကို အပြင်ထွက်ခွင့်မပေးလို့ အော်ဟစ် တောင်းဆိုကြရသေးတယ်။ အဲဒီကားနဲ့ သူငယ်ချင်းရှိတဲ့ အင်းစိန်ဆေးရုံကို ပစ္စည်းပို့ဖို့လိုက်သွားမလို့ဘဲ။ လိုက်ခွင့်မရတာ ကျနော် ကံကောင်းသွားတယ်။ ဆရာအပါအဝင်အားလုံး အဖမ်းခံလိုက်ရတယ်။

နောက်တော့ ဖုန်းမော်အလောင်းကို ခဏထားစဉ်က ကျန်ရစ်ခဲ့တဲ့ သွေးကွက်စွန်းနေတဲ့ ကျောင်းဆောင် (၁) ရဲ့ အောက်မှာ ဂူကို ညတွင်းချင်း လုပ်တယ်။ နံရံကပ်စာစောင်တွေ လုပ်တယ်။ အဖြစ်မှန် ဖော်ထုတ်နိုင်ရေးအတွက် ဆက်လက် တိုက်ပွဲဝင်ဖို့ ဆွေးနွေးကြတယ်။ တညလုံး မအိပ်ဘဲ လုပ်ကြတယ်။ လုံခြုံရေးတပ်ဖွဲ့တွေက ကျောင်းဆောင်ရှေ့ လမ်းတဖက်ခြမ်း မျက်ခင်းပြင်မှာ နေရာယူထားကြတယ်။ ဂိတ်ပေါက်တွေ အားလုံး ပိတ်ဆို့ထားတယ်။ ကျနော် ထင်တာ အဲဒီညမှာ ကော်မတီ မဖွဲ့ဖြစ်ဘူးထင်တယ်။ မျက်–မြင် တွေက ရှင်းလင်းတင်ပြတာတွေဘဲ ရှိခဲ့တယ်။ အခြား ဒဏ်ရာရတဲ့သူတွေ မှတ်မိသလောက် စိုးနိုင် (ဆေးရုံပေါ်မှာ သေဆုံးတယ်)၊ မြင့်ဦး (ပြွန်တန် ဆာ)။ အခြားသူတွေလည်း ရှိသေးတယ်။

အဲဒီနေ့ည အဖြစ်အပျက်အတွက် မှတ်ချက်ပေးရရင် သူတို့လုပ်တာ လူစုခွဲယုံ သက်သက် မဟုတ်ဘဲ စက်တင်ဘာ ငွေစက္ကူ အရေးအခင်းကြောင့် တမင်တကာ ဖိနှိပ်တယ်လို့ ခံယူတယ်။ အမှတ်ရတာကတော့ မျက်ရည်ယိုဗုံးကြောင့် ချွေးပြေးဝက်ပြေး ပြေးရတာနဲ့ မျက်လုံးမဖွင့်နိုင်လို့ ရမ်းသမ်းပြီး ဘော်လုံးကွင်းကို ဖြတ်ပြေးတော့ ဂိုးတိုင်ပိုက်ထဲ ဝင်တိုးပြီး လိမ့်နေတာဘဲ။

နောက်တစ်နေ့ (၁၄ ရက်) နံနက်စောစော (၆း၀၀) မှာ ဖုန်းမော်ကျဆုံးမှုအတွက် ကျောင်းဝင်းတွင်းမှာ စီတန်း လှည့်လည် ဆန္ဒပြကြတယ်။ ဆရာတွေက အပြင် ထွက်ခွင့်မပေးဘူး။ လုံခြုံရေးတပ်ဖွဲ့တွေ ကတော့ ကျောင်းတွင်းကနေ ပြန်ဆုတ်ထားတယ်။ လမ်းတွေတော့ ပိတ်ထားဆဲဖြစ်တယ်။ နောက် အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် ဆက်လက် ဆွေးနွေးကြတယ်။ မြန်မာ့အသံကနေ ရပ်ကွက်နဲ့ ခိုက်ပြန်ဖြစ်ပွားလို့ ဖုန်းမော် သေဆုံးရတယ်လို့ ကြေညာသွားတယ်။

ည ဘီဘီစီ သတင်းကလည်း ဒီအတိုင်းဖြစ်တယ်။ အဲဒီသတင်းတွေကြောင့် လုံခြုံရေးတပ်ဖွဲ့ရဲ့ သေနတ်ဒဏ်ရာနဲ့ သေရတယ် ဆိုတာကို အဖြစ်မှန် ပေါ်ထွက်ရေးအတွက် ပါချုပ် ဦးခင်အောင်ကြည်ဆီမှာ စုပြီး အရေးဆိုကြတယ်။ သူလည်း အဖြစ်မှန်သိပေမဲ့ ဘာမှမလုပ်ပေးနိုင်ဘူး ပြောတယ်။

ဒီတော့ ကိုယ့်ဘာသာကိုယ် ဆက်လက်တိုက်ပွဲဝင်ဖို့ အတွက် ကင်းတင်းန်အရှေ့မှာ ပြန်စုကြတယ်။ ဟောပြောပွဲတွေ လုပ်တယ်။ တဗိုလ်ကျ တဗိုလ်တက် စနစ်နဲ့ တိုက်ပွဲဝင်ဖို့ ဆုံးဖြတ်ကြတယ်။ ဦးဆောင်ဟောပြောသူတွေကိုတော့ မမှတ်မိတော့ဘူး။

နောက် တစ်ရက် ၁၅ ရက်မှာ ကားလမ်း ပြန်ဖွင့်ပေးတယ်။ မော်ကွန်းထိမ်း ဦးဗိုလ်လေးက သေနတ်ဒါဏ်ရာနဲ့ သေတာဖြစ်ကြောင်း လက်မှတ် ရေးထိုးပေးတယ်။ ဒီစာကို များများကူးပြီး တခြားတက္ကသိုလ်တွေဆီကို ဆက်ပို့ကြတယ်။ ဖုန်းမော်အတွက် အလှူလုပ်ဖို့အတွက် ဈာပနာကော်မတီ ဖွဲ့ဖြစ်တယ်။ အဲဒီမှာ ပါဝင်ဖြစ်တယ်။

ကားလမ်း ဖွင့်လိုက်တော့ သမိုင်းအဆောင်က ကျောင်းသားတွေနဲ့ တခြားကျောင်းက လာကြတယ်။ ဂူပြုလုပ်ထားတဲ့ နေရာမှာ အလှူပွဲအတွက် ငွေအလှူခံတယ်။ မှတ်မိသေးတယ်။ ပလပ်စတစ်ပုံးနဲ့ ကျနော်ကိုယ်တိုင် အလှူခံတာ။ အပြည့်ရတယ်။

စာတွေလည်း အပြင်ကို ပြန့်ကုန်ပြီး အခြေအနေတွေက ဆက်လက် ဆိုးလာတော့ ကျောင်းသားတော်တော်များများက ကျောင်းဝင်းအတွင်းကနေ အပြင်ကို ထွက်ခွာသွားကြတယ်။

အဲဒီနေ့ (၁၁–၁၂)နာရီလောက် (မမှတ်မိတော့ဘူး) မှာ လမ်းတွေပြန်ပိတ်ပြီး ကျောင်းရှေ့မှာ စစ်တပ်က ပြန်ပြီး နေရာလာယူတယ်။ ကျောင်းဝင်း ပတ်ပတ်လည်ကို ထွက်ပေါက်မရှိ ပိတ်ဆို့ ထားလိုက်တယ်။ ရုတ်ရုတ်သဲသဲဖြစ်ပြီး ဂူရှိတဲ့နေရာကနေ ကျောင်းနောက်ဖက်ကို ထွက်ပြေးကြရတယ်။ မှတ်မိတာက ကျနော့်လက်ထဲမှာ အလှူခံငွေပုံး ပါလာတယ်။ ငွေတော့မရေတွက်ရသေးဘူး။ ထမင်းသွားစားဖို့အတွက် သူငယ်ချင်းတဦးကို ငွေပုံးလွှဲပေးလိုက်တယ်။ နောက်မှ သိရတာက သူက ဒီငွေပုံးကို ရေမြောင်းထဲမှာ ဝှက်ထားခဲ့ရတယ် ပြောတယ်။

> ကျောင်းဝင်းပတ်ပတ်လည်မှာ ထွက်ပေါက် မရှိ ပိတ်ဆို့ထားလိုက်တယ်။ ရုတ်ရုပ်သဲသဲဖြစ်ပြီး ဂူရှိတဲ့နေရာကနေ ကျောင်းနောက်ဖက်ကို . . .

စစ်တပ်က ကျောင်းဝင်းအတွင်း ဝင်စီးနိုင်ဖို့ ပြင်ဆင်နေပြီ။ ဘာဆက်လုပ်ကြ မလဲလို့ ကျန်ရစ်သူတွေတိုင်ပင်ကြတယ်။ လူစုကွဲသွားယင် တဦးချင်း အဖမ်းခံရယင် ပျောက်မှာ စိုးရိမ်ပြီး အားလုံးအတွင်းမှာဘဲ အဖမ်းခံဖို့ ဖြစ်တယ်။

ညနေ ၃ နာရီ လောက်မှာ ဟီးနိုးကားကြီးတွေ ဆက်လာတယ်။ လော်စပီကာနဲ့ ကားလာပြီး ကျောင်းဝင်းအတွင်းကနေ ပြန်လည် မခုခံဖို့ အော်တယ်။

မိမိတို့လည်း ထွက်ပေါက်မရှိအားလုံး ပိတ်မိနေတယ်။ ဆရာတွေကလည်း စစ်တပ် ဝင်စီးတော့မယ်ဆိုတာ သိတယ်။ ဆရာတချို့ အတွင်းက ကျောင်းသားတွေကို ကယ်ထုတ်နိုင်ဖို့ အတွက် စီစဉ်ပေးတယ်။ မရမ်းကုန်းဖက်ကနေ ဆရာတွေက အရပ်သားတဦးကို ကျောင်းအုတ်နံရံကို ကျော်ဝင်ခိုင်းပြီး မိမိတို့ကို လာခေါ်ခိုင်းတယ်။ မိမိတို့လည်း စိတ်ချရတာနဲ့ လိုက်သွားဖြစ်တယ်။ ညနေ ၃ နာရီ ကျော်ပြီ။ အုတ်နံရံကျော်ပြီးတာနဲ့ သမိုင်းဝင်းအထိ ဆက်တိုက် ပြေးကြရတယ်။ ရပ်ကွက်အတွင်းမှာ နေရာအလိုက် လမ်းပြစီစဉ်ပေးထားတယ်။

တကယ်တော့ ၁၃ ရက်ည မတိုင်မီကတည်းက ကျောင်းမှာ နိုင်ငံရေးလှုပ်ရှားမှုတွေ ရှိခဲ့တယ်။ ၁၉၈၇ မှာ ကျောင်းသားတစ်ဦးနဲ့ အင်းစိန်စာတိုက်မှာ ငွေထုတ်ရင်းနဲ့ ပြဿနာဖြစ်ခဲ့တယ်။ သူက ကျနော် တို့ သူငယ်ချင်း အုပ်စုထဲက ဖြစ်တယ်။ သူ့ကို သတိပေးခံရတယ်။ ဒီအပေါ်မှာ သူ့ကိုကျောင်းထုတ် ခံရပြီလို့

ကျနော်တို့ သူငယ်ချင်းထဲက တဦးက သတင်းလွှင့်ပြီး မကျေနပ်လို့ ပါချုပ်ဆီမှာ စုပေါင်းတောင်းဆိုကြမယ်လို့ဖြစ်လာတယ်။ အမှန်တကယ် ကျောင်းလည်းထုတ်ခံရတာမဟုတ်တော့ မလုပ်သင့် ကြောင်းသူ့ကို ပြန်ဆွေးနွေးရတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျောင်းသားထု လိုက်ပါနိုင်မှု နည်းမှာစိုးလို့ ဖြစ်တယ်။

သူ့ရဲ့အကြောင်းပြချက်က မဆလ စနစ်အောက်မှာ စီးပွားရေး၊ ပညာရေး အခြေအနေတွေ ဆိုးဝါးနေပြီ။ ဒါကိုလည်း မဆလ အရေးပေါ် ဗဟိုကော်မတီ အစည်းအဝေးမှာ ဦးနေဝင်းကိုယ်တိုင် မဆလ စီးပွားရေးပေါ်လစီကို ပြောင်းသင့်ရင် ပြောင်းရမယ်လို့ ပြောနေပြီ။ ဒီအခြေအနေကို အခွင့်ကောင်းယူပြီး စတင်လှုပ်ရှားဖို့ ဆွေးနွေးတယ်။ ကျောင်းထုတ်တယ် ဆိုတာ ဖြစ်ရပ်မှန် မဟုတ်တဲ့အတွက် မလုပ်သင့်ကြောင်း ဆွေးနွေးပြီး ရပ်ခိုင်းခဲ့ရတယ်။

စက်တင်ဘာ ငွေအရေးအခင်းပေါ်တော့ ဒါကို အခွင့်ကောင်းယူပြီး သူက ဆက်လုပ်ဖြစ်တယ်။ အဲဒီနေ့မှာဘဲ ပထမ ကျောင်းသားထုရဲ့ ဆုံးသွားတဲ့ငွေတွေ ပြန်ရဖို့ ရန်ကုန်တက္ကသိုလ်နဲ့ စီးပွားရေးတက္ကသိုလ်မှာ ကော်မတီ ဖွဲ့ထားပြီးပြီ။ စက်မှုတက္ကသိုလ်မှာလည်း ကော်မတီ ဖွဲ့နိုင်ဖို့အတွက် ကျောင်းဆောင် (၁)မှာ စုစည်းကြမယ်လို့ စာကပ်တယ်။ မျှော်လင့်ထားတဲ့အတိုင်း လူစုဖြစ်တယ်။ သူက လူစုမိအောင်ဖန်တီးတာဘဲ ဖြစ်တယ်။ အဲဒီမှာ စုပေါင်း ဆွေးနွေးပြီး ကျောင်းက တာဝန်ရှိသူများကို ဆွေးနွေးတယ်။ ငွေပြန်ပေးဖို့။ စာမေးပွဲရက်ရွှေ့ပေးဖို့ တောင်းဆိုတယ်။ ပညာရေးဝန်ကြီးဌာနက လက်မခံဘူး။ ဒီအတွက် ကျောင်းရှေ့ လမ်းပေါ်ထွက်ပြီး ဆန္ဒပြကြတယ်။ တချို့ သမိုင်းဝင်းအတွင်း ဆက်လက် ချီတက်တယ်။ သမိုင်းလမ်းဆုံမှာ အပိတ်ခံရပြီး ကျောင်းကို ပြန်လာရတယ်။ ကျောင်းရှေ့မှာပဲ ဆက်တောင်းဆိုကြတယ်။ မိုးလင်းတာနဲ့ ကျောင်းပိတ်ခံလိုက်ရတယ်။

ဒီဇင်ဘာမှာ ကျောင်းပြန်ဖွင့်ပြီး စာမေးပွဲ ဆက်ဖြေရတယ်။ အဲဒီအချိန်မှာ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းရေး လှုပ်ရှားမှုတွေ ရှိလာပြီ။ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်များ ဖွဲ့စည်းပြီးကြောင်း ထုတ်ပြန်ချက်တွေကို စာတိုက်ကနေ တဆင့် နာမည်၊ အခန်းနံပါတ် အလိုက် ပေးပို့ လာတယ်။ ဒီတုန်းက ကျနော်လည်း ရတယ်။ ဒီကာလအတွင်း အမျိုးသားအောင်ပွဲနေ့မှာ ပြန်လည် လှုပ်ရှားဖို့ ဆက်စီစဉ်ကြတယ်။ လူစုမိ ဖို့ အကြောင်းအရင်းကို စတင်ဖန်တီးဖို့ ဖြစ်တယ်။ အမှန်တကယ် လုပ်ဖြစ်တယ်။ ဒါပေမဲ့ ဆရာတွေက ကြို–တင် သတင်းရပြီး ပြေးလမ်းတွေမှာ လုံးဝပိတ်ဆို့ထားပြီး မင်းတို့အကြံသိတယ်။ လူစုခွဲပါဆိုလို့ ရောယောင်ပါလာတဲ့သူတွေ လူစုကွဲတယ်။ အပြင်ကလူတွေ မဝင်နိုင်အောင်လည်း ပိတ်ဆို့သွားလို့ မဝင်လာနိုင်ဘူး။ အစီအစဉ်ပျက်တယ်။ စာမေးပွဲဖြေပြီး နောက်ဆုံးညမှာဘဲ မီးပိတ် အော်ဟစ်ပြီး ဆန္ဒပြဖြစ်တယ်။

ကျောင်းမှာ ပေါက်ကွဲစေတဲ့ နောက်တချက်က လမ်းစဉ်လူငယ် ခေါင်းဆောင်မှုသင်တန်း လာဖွင့်တဲ့ ကိစ္စဖြစ်တယ်။ ပုံမှန် ရန်ကုန်တက္ကသိုလ်မှာဘဲ လုပ်ပြီ ဒီနှစ် စက်မှုမှာ လာလုပ်ဖို့ ပြင်ဆင်တယ်။ အဆောင်၊ ကျောင်း၊ လမ်း၊ မြက်ခင်း၊ အိမ်သာ၊ ရေချိုးခန်း အကုန်ပြင်တယ်။ အဆိုးဆုံးက စားသောက်ဆောင်က စားပွဲထိုးတွေကို ဆေးစစ်တယ်။ ဆေးအောင်မှာ ဆက်လုပ် ခိုင်းမယ်ပေါ့။ အဲဒီမှာ မူလရှိနေတဲ့ ငါတို့က ဘာကောင်တွေလဲ။ ဘာကြောင့် ဂရုမစိုက်တာလဲ ဆိုပြီး မဆလ အပေါ် ပေါက်ကွဲကြတယ်။ ဒါကြောင့် စာမေးပွဲဖြေပြီး နောက်ဆုံးညမှာ အသစ်လာလဲထားတဲ့ မှန်တွေ နိုင်သလောက် ခွဲပစ်ကြတယ်။

အဲဒီ နိုင်ငံရေးအခင်းအကျင်းနောက်မှာ မတ်လအရေးအခင်း ဖြစ်လာတာပဲ။ မသိသူအများစုက (စက်မှုကျောင်းသား အပါအဝင်) လက်ဖက်ရည်ဆိုင်ကိစ္စကိုဘဲ အလေးထား ပြောနေကြတယ်။ နောက်ခံ နိုင်ငံရေးလှုပ်ရှားမှုကို မသိရှိကြဘူး။ ကျနော်လည်း အဲဒီအချိန်က စနစ်မကောင်းဘူး။ ပြောင်းလဲဖို့လိုပြီဆိုတာဘဲ သိတယ်။ အမှန်အတိုင်းဝန်ခံရရင် နိုင်ငံရေးအရ သိပ်မသိပါဘူး။ သူငယ်ချင်းနဲ့ အတူ လှုပ်ရှားမှုမှာပါပြီး သိခဲ့တာဘဲ ဖြစ်တယ်။

# လွတ်မြောက်ရေး၊ ဒီမိုကရေစီရေး တိုက်ပွဲများတွင် ကျဆုံးခဲ့ကြသော သူရဲကောင်း မှတ်တမ်းအချို့

## ဗိုလ်အောင်ကျော်

## (၁၉၃၉ ခု၊ ဒီဇင်ဘာလ ၂၂ ရက်နေ့၊ နေ့လည် ၁း၃၀ တွင် ကျဆုံးသည်။)



တတိယကျောင်းသားသပိတ် ဆင်နွှဲနေစဉ်၊ ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာ (၂၀) ရက်နေ့၊ နံနက်စောစောမှာ ရန်ကုန်တက္ကသိုလ်သမဂ္ဂ အဆောက်အဦရှေ့၌ ကျောင်းသားများ စုရုံးရောက်ရှိ နေပါတယ်။ ဘတ်စ်ကား (၂၆) စီးလည်း တ–က–သ အဆောက်အဦ ရှေ့မှာ ရောက်နှင့်နေပါတယ်။ အစိုးရရဲ့ ပုဒ်မ (၁၄၄) ကို အာခံဖီဆန်မယ့် သမဂ္ဂခေါင်းဆောင်များရဲ့ အစီအစဉ်ကို ကျောင်းသားများ မသိကြသေးပါဘူး။ ကိုလှရွှေက "ရဲဘော်တို့ ခင်ဗျားတို့ မျက်နှာတွေ မြင်ရတာ ဇာတိသွေး၊ ဇာတိမာန်တွေ လျှံတက်နေတယ်၊ ဒီကနေ့ ဗမာပြည်လွတ်လပ်ရေးအတွက် ဆိုရင် ထောင်ကျကျ၊ စက်သေနတ်နဲ့ ပစ်ပစ်၊ နောက်ဆုံးအသက် သေသေ၊ စွန့်မယ်ဆိုတဲ့ ခိုင်မာတဲ့ ရဲရဲတောက် သံန္နိဋ္ဌာန်ချထား ပြီဆိုတာ ကျနော်ယုံကြည်တယ်။ ဒီနေ့ ခြေလှမ်းကျဲကျဲနဲ့ အာဏာ ဖီဆန်ရမယ်၊ လက်နက်ဆို ဘာတစ်ခုမျှ မသုံးရဘူး၊ အပ်တိုတစ်ချောင်းတောင် မယူခဲ့ကြနဲ့" ဟု ကျောင်းသားထုကြီးကို မိန့်ခွန်းပြောလိုက်တဲ့အခါ ကျောင်းသားထုကြီးလည်း "သွားမယ်၊ သွားမယ်၊ ခုသွားမယ်" ဟု စိတ်အားတက်ကြွစွာနဲ့ အော်ဟစ်ကြွေးကြော်လိုက်ကြတယ်။

ရှစ်ထောင်ကျော်လောက်ရှိတဲ့ ကျောင်းသားထုကြီးဟာ မြို့ထဲသို့ ချီတက်သွားခဲ့ကြတယ်။ ဘယ်နေရာကို ဦးတည်သွားနေတယ် ဆိုတာကို သမဂ္ဂအမှုဆောင်များကလွဲရင် ဘယ်သူ့ကိုမှ အသိပေးမထားခဲ့ဘူး။ ကျောင်းသားများဟာ အစိုးရအတွင်းဝန်ရုံးကို ဝိုင်းရံခဲ့ကြတယ်။ ရုံးကြီးအတွင်းသို့ အဝင်အထွက် လုံးဝမရှိအောင် ပိတ်ဆို့ထားလိုက်ကြတယ်။ အင်္ဂလိပ်အစိုးရလည်း ဘယ်လိုကိုင်တွယ်ရမှန်းမသိပဲ၊ ရယ်ဖွယ်လိလိ ဖြစ်ခဲ့ရတယ်။ ကျောင်းသားများဟာ 'မီးတုတ်၊ မီးတုတ်၊ ရှို့ ရှို့' 'သခင်မျိုးဟေ့ ဒို့ဗမာ' 'အရေးတော်ပုံ အောင်ပါစေ' ဟု ကြွေးကြော်ခဲ့ကြတယ်။

ပုလိပ်မင်းကြီးက အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဂေါ်ရာ ပုလိပ်အချို့က ကျောင်းသား၊ ကျောင်းသူများကို ခြေထောက်ကနေ တရွတ်တိုက် ဆွဲခေါ်ခြင်း၊ စစ်ဖိနပ်ဖြင့် ဆောင့်ကန်ခြင်း၊ တက်နင်းခြင်း စသဖြင့် ရက်ရက်စက်စက် နှိမ်နင်းခဲ့လို့ ကျောင်းသားကျောင်းသူများ ဒါဏ်ရာအနာတရ ဖြစ်ခဲ့ကြရတယ်။ စိတ်ဆိုးဒေါသထွက်လာကြတဲ့ ကျောင်းသားထုကြီးကို ကျောင်းသား ခေါင်းဆောင်များက အကြမ်းမဖက်ဖို့၊ သည်းခံကြဖို့ သတိပေးခဲ့လို့ အကြမ်းမဖက်ပဲ ငြိမ်းချမ်းစွာ ဆက်လက် ဆန္ဒပြခဲ့ကြတယ်။

နံနက် ၁၀ နာရီခန့်မှာ မြင်းစီးပုလိပ်များ ထပ်မံရောက်ရှိလာပြီး ကျောင်းသားများကို ဝန်းရံထားခဲ့တယ်။ နံနက် ၁၁ နာရီတွင် အရေးပိုင်ဦးဘိုးစ ရောက်လာပြီး ပုလိပ်များ၊ စစ်ပုလိပ်များ၊ မြင်းစီးပုလိပ်များအား နာရီဝက်အတွင်း ပြန်လည် ရုပ်သိမ်းသွားခဲ့တယ်။ မိဘပြည်သူများ ဝန်းရံရောက်ရှိလာပြီး အစားအစာများ၊

သောက်ရေများ ထောက်ပံ့ပေးခဲ့ကြတယ်။

ထို့နောက် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်ထွက်ခွါရန် ဆုံးဖြတ်ခဲ့ကြပြီး အတွင်းဝန်းရုံးမှ ကျောင်းသားများ ပြန်လည်ထွက်ခွါလာစဉ် လမ်း၌ ပုလိပ်တပ်များက ထပ်မံပိတ်ဆို့ခဲ့တယ်။ ပုလိပ်များက ရှေ့ဆက်သွားခွင့် မပြုသဖြင့် တင်းမာမှုများ မြင့်တက်လာကာ၊ ကျောင်းသားများက ပုလိပ်များအား ဖြတ်ကျော်ဖို့ ကြိုးစားစဉ် ကျောင်းသားများနှင့် ဘေးမှာရှိနေတဲ့ မိဘပြည်သူများကိုပါ ပုလိပ်များက နံပတ်တုတ်များဖြင့် အကြမ်းဖက် ရိုက်နှက်ခဲ့ကြတယ်။ ဒီလို အကြမ်းဖက် နှိမ်နင်းမှုကြောင့် ကျောင်းသားများ လဲပြိုကုန်ကာ ကိုအောင်ကျော်အပါအဝင် ကျောင်းသားအများအပြားတို့ အပြင်းအထန် ဒါဏ်ရာရရှိခဲ့ကြတယ်။ ထွက်ပြေးသူများကို ပုလိပ်က အတင်းလိုက်လံ ရိုက်နှက်ခဲ့ကြတယ်။ ခေါင်းကို နံပါတ်တုတ်ဖြင့် အရိုက်ခံခဲ့ရတဲ့ ကိုအောင်ကျော်ဟာ ဒီဒါဏ်ရာနဲ့ပဲ သေဆုံးခဲ့ရတယ်။ ကိုအောင်ကျော် သေဆုံးပြီးနောက် ၎င်းအား ဗိုလ်အောင်ကျော်ဟု ဂုဏ်ပြုခေါ်ဝေါ်ခဲ့ကြတယ်။

ဗိုလ်အောင်ကျော်ဟာ ဗမာ့သမိုင်းမှာ ပုလိပ်လက်ချက်ဖြင့် ပထမဦးဆုံး ကျဆုံးခဲ့ရတဲ့ ကျောင်းသားခေါင်းဆောင် တစ်ဦးပဲ ဖြစ်ပါတယ်။

## ဟယ်ရီတန်
## (၁၉၅၆ ခု၊ မတ်လ ၂၂ ရက်နေ့တွင် ကျဆုံးသည်။ ၁၆ နှစ်၊ စိန့်ပေါ်ကျောင်း)

၁၉၅၆ ခုနှစ်မှာ သတ္တမတန်း အစိုးရစစ် စာမေးပွဲတွင် လေးဘာသာ ဖြေဆိုပြီးနောက် စာမေးပွဲမေးခွန်းပေါက်ကြားမှု ဖြစ်ပေါ်ခဲ့တယ်။ ဗမာသတင်းစာ တစ်စောင်ဖြစ်တဲ့ 'ဗမာ့ခေတ်' သတင်းစာ၌ စာမေးပွဲမေးခွန်းတစ်စုံကို ပုံနှိပ်ဖော်ပြခဲ့ပေမယ့် အစိုးရက မည်သို့မျှ အရေးမယူခဲ့ပဲ မတ်လ ၂၂ နေ့ကျမှ သတင်းစာထဲမှာ စာမေးပွဲ မေးခွန်းပါလာလို့ဟု အကြောင်းပြကာ စာမေးပွဲကို လုံးဝပယ်ဖျက် လိုက်ကြောင်း တာဝန်ရှိသူများက ကြေငြာခဲ့ပါတယ်။

ဒီသတင်းကြားတော့ တစ်နှစ်လုံး ကြိုးစားခဲ့ရသမျှ အလဟဿ ဖြစ်ခဲ့ရသဖြင့် ကျောင်းသားတွေ ငိုငိုယိုယို ဖြစ်ကုန်ကာ ပညာမင်းကြီးရုံးသို့ ချီတက်ဆန္ဒပြခဲ့ကြတယ်။ ထိုနောက် ပုလိပ်များက ကြိုတင်အကာအကွယ် ပေးထားနှင့်သည့် ဗမာ့ခေတ် သတင်းစာတိုက်သို့ ချီတက်ခဲ့ကြတယ်။ သတင်းစာတိုက်သို့ အရှေ့ပိုင်းတရားသူကြီး ပါစီမြမောင်သည် ပုလိပ်များနှင့် ရောက်ရှိလာသလို သမဂ္ဂခေါင်းဆောင်များလည်း အချိန်မီ ရောက်ရှိလာကြကာ အကြမ်းမဖက်ဖို့၊ ကျောင်းသားများမှာ ၁၂ နှစ်၊ ၁၃ နှစ်အရွယ်ကလေးများသာဖြစ်ပြီး မိမိတို့ ထိန်းထိန်းသိမ်းသိမ်း လုပ်ကြဖို့ နှစ်ဖက်ညှိနှိုင်းခဲ့ကြရာ တရားသူကြီးဘက်မှ သဘောတူညီခဲ့ပြီးမှ ကျောင်းသားများကို ပစ်ခတ်ရန် ပုလိပ်တပ်ကို အမိန့်ပေးခဲ့တယ်။ သမဂ္ဂခေါင်းဆောင်များက မပစ်ဖို့ အကြိမ်ကြိမ် မေတ္တာရပ်ခံနေသည့် ကြားက ပစ်ခတ်ခဲ့ကြသဖြင့် ကျောင်းသားဟယ်ရီတန် သေဆုံးခဲ့ရတယ်။

ဒါဟာ ပါလီမန်အစိုးရက ပထမဆုံးအကြိမ် ကျောင်းသားတစ်ဦးကို သတ်ဖြတ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒီကိစ္စကို စုံစမ်းစစ်ဆေးမှုများ လုပ်ပေးဖို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ စတဲ့သမဂ္ဂများမှ တောင်းဆိုခဲ့ကြတယ်။ ၁၉၅၆ မတ်လ ၂၃ ရက်နေ့မှာ ဒီကိစ္စကို စုံစမ်းဖော်ထုတ်ဖို့ ကော်မတီတစ်ခုကို အစိုးရက ဖွဲ့စည်းပေးခဲ့တယ်။ ကျောင်းသားများ၏ မကျေနပ်မှုကို လျော့ကျစေဖို့ ဦးနုအစိုးရက ခုနှစ်တန်း ကျောင်းသားအားလုံးကို စာမေးပွဲ အအောင်ပေးခဲ့ပါတယ်။ ဗမာ့သမိုင်းမှာ ဟယ်ရီတန်အရေးအခင်းဟာ လူသိအင်မတန်များတဲ့ အရေးအခင်းတစ်ခု ဖြစ်ပါတယ်။

# ဆလိုင်းတင်မောင်ဦး
# (ဇွန်လ ၂၆ ရက်၊ ၁၉၇၆ တွင် ကျဆုံးခဲ့သည်။)



**"ရဲဘော်တို့ သူတို့ ငါ့ကို လူမသိသူမသိ**
**သုတ်သင်ခဲ့ကြတယ်။**
**ဒင်းတို့ရဲ့ စစ်ဖိနပ်အောက်မှာ ငါဘယ်တော့မှ ဒူးထောက်**
**အညံ့မခံဘူး။"**
**တင်မောင်ဦး**

ဇန်နဝါရီလ ၃ ရက်၊ ၁၉၇၄ ခု ရန်ကုန်တက္ကသိုလ် ချင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဆွေးနွေးပွဲတွင် စည်လုံးညီညွတ်ရှိဖို့ အရေးကြီးကြောင်း မိန့်ခွန်းတစ်ခု သူပြောခဲ့တယ်။ အဲဒီနောက် ချင်းစာပေနှင့်ယဉ်ကျေးမှု ကော်မတီ၏ အထွေထွေအတွင်းရေးမှူး အဖြစ် ဆလိုင်းတင်မောင်ဦးကို တညီတညွတ်တည်း ခန့်အပ်ခဲ့တယ်။

ဇန်နဝါရီ ၃ ရက်၊ ၁၉၇၄ ခု ဆိုရှယ်လစ်အခြေခံဥပဒေ အပိုဒ်(၉) ပြဋ္ဌာန်း ကြေညာပြီး (၆) လအကြာ ဒီဥပဒေကို စိန်ခေါ်လိုက်တဲ့ အထွေထွေအလုပ်သမားသပိတ် ဖြစ်ပွားခဲ့တယ်။ စစ်တပ်က ပစ်ခတ်နှိမ်နင်းလို့ ဒီသပိတ်မှာ အလုပ်သမားနဲ့ ကျောင်းသား (၇)ဦး ကျဆုံးခဲ့ရတယ်။

နယူးယောက်မှာ မြန်မာနိုင်ငံသား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ကွယ်လွန်ပြီး ကွယ်လွန်သူ၏ နောက်ဆုံးဆန္ဒအရ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ရန်ကုန်မှာ သင်္ဂြိုဟ်မြှုပ်နှံဖို့ ပြန်သယ်လာခဲ့တယ်။ ဦးသန့်အရေးအခင်း ကျောင်းသားလှုပ်ရှားမှုမှာ ဆလိုင်းတင်မောင်ဦး ဦးဆောင်ပါဝင်ခဲ့တယ်။

ဒီဇင်ဘာ ၅ ရက်၊ ၁၉၇၄ ခု ဦးသန့်ရုပ်ကလာပ်ကို ဂုဏ်ပြုဖို့ ရာနဲ့ချီတဲ့ ကျောင်းသားတွေ ကျိုက္ကဆံ အားကစားကွင်းကို ချီတက်ခဲ့တယ်။ သံဃာတော် အများအပြားလည်းပါဝင်ခဲ့တယ်။ ဦးသန့် ရုပ်ကလာပ်ကို ကျောင်းသားထုက ကျင်းပမည် ဖြစ်ပြီး နိုင်ငံတော်အခမ်းအနားနှင့် တကွ မော်ကွန်းဗိမာန် တစ်ခုတည် ဆောက်ဖို့ ကိုကြည်ဝင်း၊ ဆလိုင်းတင်မောင်ဦးနဲ့ ကျောင်းသားခေါင်းဆောင်များ ကြေညာခဲ့တယ်။

ဦးသန့်အရေးအခင်း အပြီး ဆလိုင်းတင်မောင်ဦး မြေအောက်လှုပ်ရှားမှုကို ကူးပြောင်းခဲ့တယ်။ မြေအောက် ကျောင်းသားသမဂ္ဂကို တည်ထောင်ပြီး ပီဒီပီ (ပါလီမန်ဒီမိုကရေစီပါတီ) လွတ်မြောက်နယ်မြေမှာ စစ်ပညာ သင်ယူခဲ့တယ်။အဲဒီနောက် ရန်ကုန်ကို ပြန်အရောက်မှာ ဆလိုင်းတင်မောင်ဦး အဖမ်းခံရပြီး ကြိုးပေးကွပ်မျက်ခံရတယ်။

ဇွန်လ ၂၆ ရက်၊ ၁၉၇၆ ခုတွင် ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးကို အင်းစိန်ထောင်မှာ ကြိုးပေး ကွပ်မျက်ခဲ့တယ်။ မြန်မာ့နိုင်ငံရေးသမိုင်းမှာ အာဏာရှင်အစိုးရ၏ ကြိုးပေးခံရသော တဦးတည်းသော ကျောင်းသားခေါင်းဆောင် အာဇာနည် ဖြစ်သည်။
(Source: www.chinforum.org/PUBS/TMOEng.pdf)

## ဝင်းမော်ဦး
## (၉ တန်း၊ လသာ -၂၊ ၁၆ နှစ်၊ ၁၉၈၈ ခု၊ စက်တင်ဘာလ ၁၉ ရက်၊ ညနေ ၅း၃၅ နာရီတွင် ကျဆုံးခဲ့သည်။)






ဝင်းမော်ဦးဟာ ၁၉၈၈ ခုနှစ် ကျောင်းသားဆန္ဒပြပွဲမှာ စစ်တပ်ကပစ်သတ်ခဲ့တဲ့ အထက်တန်းကျောင်းသူတစ်ဦး ဖြစ်ပါတယ်။ ၁၉၈၈ ခု စက်တင်ဘာ (၁၈) ရက် စစ်အာဏာ သိမ်းပြီးနောက် ရန်ကုန်မှာ ရာနဲ့ချီ ပစ်သတ်ခံခဲ့ရသူတွေထဲက တစ်ဦးပါ။ ဆေးရုံက တယ်လီဖုန်း လှမ်းဆက်တယ်။ အဲဒီအချိန်အထိ သူအသက်ရှိနေသေးတယ်လို့ သူမရဲ့ ဖခင်ဖြစ်သူ ဦးဝင်းကြူက သူ့သမီးရဲ့ အဖြစ်ဆိုးကို ပြန်လည် ပြောပြခဲ့ပါတယ်။ ဖအေ၊ မအေရဲ့ နာမည်၊ အိမ်လိပ်စာ၊ ဖုန်းနံပါတ်တွေအားလုံး သူက ပြောပြသွားခဲ့သေးတယ်။ ခွဲစိတ်ကုသမှုများ ပြုလုပ်ပြီးနောက် ရန်ကုန်ဆေးရုံကြီး အရေးပေါ်အခန်းမှာ သမီးကို တင်ထားတာပါ။ သမီးကတော့ သတိလစ်မေ့မျောနေခဲ့ပါပြီ။ သူ့ရဲ့ ခန္ဓာကိုယ်ကို ဆရာဝန်ထံကနေ ကျနော် ပြန်ယူလာခဲ့ပါတယ်။ သူဘာကြောင့် သေဆုံးရတဲ့အကြောင်းကို မေးတော့ ချွန်ထက်တဲ့ ဒါဏ်ရာဒါဏ်ချက်များ ကြောင့်လို့ပဲ ဆရာဝန်က အဖြေပေးတယ်။ သူ့ရဲ့ အသက်မဲ့နေတဲ့ အလောင်းကိုပဲ ကျွန်တော် ပြန်သယ်လာ နိုင်ခဲ့ပါတယ်။ (၂၄) နာရီအတွင်း သင်္ဂြိုဟ်ရမယ်လို့ ကျနော် ကို . . . . က ပြောတယ်။ သူမကို နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ မပတ်သက်၊ မပါဝင်ခဲ့ပါဘူးလို့လည်း ကျနော်က ဝန်ခံကတိ လက်မှတ် ထိုးခဲ့ရပါသေးတယ်။ သင်္ဂြိုဟ်တော့ မောင်လေးတွေ၊ ညီမလေးတွေတောင် သူတို့ရဲ့ အမကြီးကို တွေ့ခွင့် မရခဲ့ဘူး။ သူမရဲ့ အသုဘအခမ်းအနားမှာ လူနှစ်ဆယ့်ငါးယောက်တောင် မပြည့်ခဲ့ဘူး။ ဒီလို သော့တွေပိတ်ထားပြီး အဆီးအတားတွေ လုပ်ထားတဲ့ နေရာမှာ သူ့နောက်ဆုံးခရီးကို လုပ်ရတော့ ကျုပ်တို့ဘာများ တက်နိုင်မှာလည်းလေ။"

"သမီးကြီးကို နေ့တိုင်းသတိရနေတုန်းပဲ၊ ကျမ သမီးကြီး အော်ဟစ်ကြွေးကြော်ခဲ့သလိုမျိုး ကနေ့ ကျမ ကြွေးကြော်ချင် နေတယ်။" လို့ ဝင်းမော်ဦးရဲ့ အမေ ဒေါ်ခင်ဌေးဌေးဝင်းက ပြောပြပါတယ်။ "မိုးပေါ်ကို ထောင်ပစ်တယ်လို့ သူတို့က ပြောတယ်။ သူတို့ အသေအချာ ချိန်ပစ်ခဲ့တာပါ။ ဒါကြောင့် ကျွန်မသမီးကြီး သေရတာပေါ့။ ကျမ သမီးကတိုင်းပြည်အတွက် စွန့်လွှတ်အနစ်နာခံခဲ့တယ်၊ နောက်ဆုံး တိုင်းပြည်အတွက် အသက်ပေးခဲ့တယ်။ ဒါဟာ ကျမရင်ထဲက လာတဲ့စကားပါ။"

http://www.hamarashakespeare.com/personalities.html/ dvb.no

# သက်ပိုင်စိုး
# (၁၆ နှစ်၊ အန်အယ်ဒီ၊ စက်တင်ဘာ ၂၇ ရက်၊ ၂၀၀၇ ခုတွင် ကျဆုံးသည်။)






သက်ပိုင်စိုးခေါ် ကုလားကြီးသည် ဘုန်းတော်ကြီးများ ဦးဆောင်သော ရွှေဝါရောင် တော်လှန်ရေးတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ ရွှေဝါရောင်တော်လှန်ရေး ၁၀ ရက်ပြည့်သောနေ့တွင် သက်ပိုင်စိုးသည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ပါစေဟူသော တီရှပ်ကိုဝတ်၍ အခြားသူများနှင့်အတူ ချီတက်ဆန္ဒပြခဲ့သည်။

သူတို့ တာမွေအထက (၃) အရှေ့သို့ ရောက်သောအခါတွင် တပ်မ ၆၆ မှ အကြမ်းဖက်နှိမ်နင်းခဲ့သည်။ အကျိုးဆက်အားဖြင့် သက်ပိုင်စိုး သေနတ်ထိမှန်၍ နေရာတွင်ပင် ပွဲခြင်းပြီး သေဆုံးခဲ့သည်။ သူအလောင်းအား ဆွဲသွားခဲ့ပြီး သူအိတ်ထဲမှ ပိုက်ဆံများကို ယူသွားခဲ့သည်။

သက်ပိုင်စိုးသည် ဒေါပုံမြို့တွင်နေထိုင်သူ အဖ ဦးမြင့်ဝင်း အမိ ဒေါ်အေးပြုံးတို့၏ အငယ်ဆုံးသားဖြစ်ပြီး အသတ်ခံရချိန်တွင် အသက် ၁၅ နှစ်နှင့်လေးလသာ ရှိသေးသည်။ သူသည် ဒေါပုံမြို့နယ် အထက (၁)တွင် စာသင်ကြားခဲ့ပြီး မိသားစု စီးပွားရေးအခြေအနေကြောင့် ကျောင်းထွက်ခဲ့ရသူ တစ်ဦးဖြစ်သည်။ သူသည် ဒေါပုံ အန်အယ်လ်ဒီ လူငယ်အဖွဲ့ဝင်တဦးအဖြစ် တက်ကြွစွာ ပါဝင်ခဲ့သူတဦး ဖြစ်သည်။

(အာရုံသစ်စာစောင် – ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ စာ–၉)

## ကိုကိုဝင်း
## (၂၁ နှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ ၂၀၀၇ တွင် ကျဆုံးသည်။)



ကိုကိုဝင်း (၂၁) နှစ်သည် အဘ ဦးဌေးဦးနှင့် အမိ ဒေါ်ဝင်းဝင်း တို့၏ သားအကြီးဆုံးဖြစ်ပြီး ရန်ကုန်မြို့၊ တောင်ဥက္ကလာပတွင် နေထိုင်သူဖြစ်သည်။

သူသည် ရွှေဝါရောင်တော်လှန်ရေး ကာလအတွင်း ဘုန်းတော်ကြီးများနှင့် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်။ စက်တင်ဘာ ၂၇ ရက်တွင် လုံထိန်းများက ရွှေတိဂုံခြေရင်းတွင် ဆန္ဒပြမှုအား အကြမ်းဖက်နှိမ်နင်းမှုကြောင့် ဦးခေါင်း၊ ပခုံးနှင့် ရင်ဘတ်တွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

သူအားနီးစပ်ရာ ဆေးခန်းတွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၄ ဆေးကုသမှုပေးခဲ့သော်လည်း သူအခြေနေမှာ တိုးတက်ကောင်းမွန်လာမှုမရှိပါ။ ထိုနောက်သူ့အား သဃ်န်းကျွန်းဆေးရုံသို့ တင်ပို့၍ ဆေးကုသမှု ခံယူခဲ့သော်လည်း နောက်တွင် သူ့ ဦးခေါင်းတွင် ရရှိသောဒဏ်ရာဖြင့် နိုဝင်ဘာ (၂၇) ရက်နေ့ တွင် သေဆုံးခဲ့သည်။

မြန်မာပြည် ဘယ်တော့များမှ လွတ်လပ်မှု ရပါမည်နည်း၊ အခုချိန်ထိတော့ ကိုကိုဝင်းလို လူများ ဒီမိုကရေစီရေး၊ လူ့အခွင့်ရေး လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အသက်များစွာ ပေးရဦးမည်မှာ ရှောင်လွဲမရနိုင်သော ဖြစ်စဉ်တခုကဲ့သို့ ဖြစ်နေသည်။

(အာရုံသစ်စာစောင် – ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ စာ–၉)



ဒီအနက်ရောင် ဖဲစလေးက ဝမ်းနည်းမှုအတွက် သင်္ကေတပါ။ ဒီဖဲပြားလေးကို ဆဲဗင်းဇူလိုင် ဖြစ်ပွားပြီးတော့ တစ်နှစ်မြောက်တဲ့ ၁၉၆၃ ခုနှစ်က အခမ်းအနားမှာ အသုံးပြုခဲ့တာပါ။

**အနက်ရောင် ဖဲစဖြင့် ဂုဏ်ပြုပေးကြပါ။**